# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၀) ရက် ၊ အင်္ဂါနေ့ ၊ (27-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ - ၁၀

**မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနီကိုလိုင်းလစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ - ၁၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး မြန်မာနိုင်ငံအတွင်း တစ်နှစ်တာကာလဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားများကို တစ်ပြိုင်တည်းပြုလုပ်၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

ယနေ့ကျရောက်သည့် (၃၆)ကြိမ်မြောက် **စာမျက်နှာ ၁၆ ကော်လံ ၁**သို့



မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။




**မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးဒဏ်သင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှ ပေးပို့သည့် အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိ**

စာမျက်နှာ - ၁၇

**တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများ ဆက်လက်ပို့ဆောင်**

စာမျက်နှာ - ၂၂




ရတနာပုံ
၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# အရှေ့တောင်အာရှတစ်လွှား နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ

နိုင်ငံ၏ပုံရိပ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများထဲတွင် အားကစားကဏ္ဍလည်း ပါဝင်သည်ကို တွေ့နိုင်သည်။ နိုင်ငံကိုယ်စားပြုအားကစားသမားများ၏ အောင်မြင်မှုသည် နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည်။ ထက်သန်ပြင်းပြသောစိတ်ဓာတ်၊ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှု၊ မြဲမြံခိုင်မာသော ယုံကြည်မှုတို့သည် အားကစားကဏ္ဍ၏ အောင်မြင်မှုမှသည် နိုင်ငံ၏ အင်္ဂါရပ်များ အဖြစ် ပုံရိပ်ထင်ရှား မြင်တွေ့လာနိုင်သည်ဖြစ်ပေသည်။

နိုင်ငံကိုယ်စားပြုအားကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုအသီးသီး ဆွတ်ခူးရရှိနိုင်ရန်အတွက် ကျွမ်းကျင်သောနည်းပြများနှင့် အချိန်ယူ၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ပေးလျက်ရှိသလို အောင်မြင်မှုအသီးသီးဆွတ်ခူး၍ အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အားကစားသမားများ၊ နည်းပြနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနေသည်မှာ အားရဖွယ်ဖြစ်သည်။

ဤနေရာတွင် အားကစားသမားများအနက် မသန်စွမ်းအားကစားသမားများသည် သာမန်အားကစားသမားများထက် ပိုမိုထက်သန်ပြင်းပြသည့် ပြိုင်ပွဲဝင်စိတ်ဓာတ်မျိုးနှင့် ကြိုးစားအားထုတ်မှုမျိုးရှိမှ အောင်မြင်မှုရရှိနိုင်သည်မှာ အထင်အရှားပင်ဖြစ်သည်။ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၄ ရက်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင် **“နိုင်ငံတော်ကိုယ်စား ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် အောင်ပွဲရ မသန်စွမ်းအားကစားသမားများသည် မသန်စွမ်းဖြစ်သော်လည်း သာမန်လူများနည်းတူ မိမိတို့ဘဝရပ်တည်မှုနှင့် ထူးချွန်အောင်မြင်မှုများကို ရယူဖန်တီးနိုင်စွမ်းရှိသည်ကို လက်တွေ့သက်သေပြလိုက်ကြခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်းပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြုလိုကြောင်း၊”** ထည့်သွင်းပြောကြားခဲ့သည်။

အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အားကစားနည်းများစွာရှိသည့်အနက် ကိုယ်ခန္ဓာသန်စွမ်းမှု၊ ဖျတ်လတ်မှု၊ ကျန်းမာမှုနှင့် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုသည့်အားကစားနည်းများလည်းရှိနေသည်။ လက်ဝှေ့၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း စသည့် အားကစားနည်းများမှာ ထိုကဲ့သို့သော အမျိုးအစားများဖြစ်ကြောင်း တွေ့နိုင်သည်။ အဆိုပါအားကစားနည်းများသည် အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေသည့်စွမ်းအားများကို ရရှိစေနိုင်သည်မှာ အားကစားပြုလုပ်ခြင်း၏ ကောင်းမွန်သောအကျိုးရလဒ်ဖြစ်သည်။

သို့ဖြစ်ပေရာ အားကစားသမားများအနေဖြင့် အားကစားပညာရပ်ကို အမြဲမပြတ် လေ့ကျင့်ဆည်းပူးအပ်ပြီး မိမိတို့၏ ကိုယ်ခန္ဓာသန်စွမ်းကြံ့ခိုင်မှုနှင့် လိုက်လျောညီထွေရှိသည့် အားကစားနည်းများကို ထူးချွန်အောင်မြင်အောင် ဇွဲလုံ့လသန်သန်ဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်ကြိုးပမ်းခြင်းဖြင့် အရည်အသွေးပြည့်ဝလာကာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်ရောက်ရှိ၍ အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် မြစ်ကမ်းဘေးရှိကျေးရွာများ သတိပြုနေထိုင်ရန်လိုဟုဆို



**မန္တလေး ဇွန် ၂၆**

ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလ မြစ်ရေတဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် မြစ်ကမ်းဘေးရှိကျေးရွာများ သတိပြုနေထိုင်ရန်လိုကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း၊ ထိုသို့ ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် မြစ်ကမ်းဘေးတွင် နေထိုင်လျက်ရှိသည့် ကျေးရွာများ အနေဖြင့် သတိပြုနေထိုင်ရန်လိုကြောင်း သိရသည်။

“အခုက ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလကို ရောက်ရှိလာပါပြီ။ အခုက မိုးတွင်းကာလလဲဖြစ်တဲ့အပြင် မြစ်ရေကလဲ တဖြည်းဖြည်း မြင့်တက်လာတာကြောင့် မြစ်ကမ်းဘေးမှာနေတဲ့ ကျေးရွာတွေမှာ ယာယီတဲတွေထိုးပြီးနေတာတွေ အပါအဝင် မြစ်ကမ်းစပ်နားမှာလဲ နေထိုင်သူတွေအနေနဲ့ အထူးဂရုပြုနေထိုင်ကြဖို့ လိုအပ်ပါတယ်” ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်အတွင်း မြစ်ရေရှတ်တရက် ထပ်မံမြင့်တက်လာပါက မြစ်ကမ်းဘေးနေရာများတွင် ယာယီတဲထိုး၍ နေထိုင်သူများအနေဖြင့် အန္တရာယ်ရှိနိုင်ခြင်းကြောင့် သတိပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ အလားတူ မြစ်ရေရှတ်တရက်မြင့်တက်လာပါက မြစ်ကမ်းဘေးရှိ ကျေးရွာများအတွင်းသို့လည်း မြစ်ရေဝင်ရောက်လာနိုင်ခြင်းကြောင့် အထူးသတိပြုနေထိုင်ကြရန်လိုအပ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၅၃၆ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၉၀၈ စင်တီမီတာ၊ ရွှေကူမြို့တွင် ၈၀၅ စင်တီမီတာ၊ ကသာမြို့တွင် ၈၈၈ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၁၀၅၁ စင်တီမီတာ၊ မန္တလေးမြို့တွင် ၈၆၁ စင်တီမီတာထိရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် နှမ်းဝါ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ

**မန္တလေး ဇွန် ၂၆**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် နှမ်းဝါ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့် နှမ်းဝါမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ် အေးခဲ့ကြောင်း၊ ယခုအခါ မြေထောက်ပဲနှင့်နှမ်းဝါကို ကုန်သည်များ ဝယ်ယူမှုများပြားလာသဖြင့် အရောင်းအဝယ် အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း သိရသည်။

“မြေထောက်ပဲနဲ့ နှမ်းဝါက အရင်တစ်ပတ်လောက်က အဝယ်သိပ်ပြီး မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်”ဟုဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ဇွန် ၁၉ ရက် ပေါက်ဈေးအရ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ သာရှိခဲ့ပြီး ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ ရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇွန် ၁၉ ရက်ပေါက်ဈေးမှာ နှမ်းဝါ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဝါ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၇၀၀၀၊ ကုလားပဲ (929)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် နောင်ချိုတို့မှ ဝင်ရောက်သည့် ပြောင်းဖူး အဖူးရေ ၁၀၀ ပါတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ ရှိနေ

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသနှင့် နောင်ချိုဒေသတို့မှ ဝင်ရောက်လာသည့် ပြောင်းဖူးများ အဖူးရေ ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ ရရှိနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်ဒေသနှင့် နောင်ချိုဒေသတို့မှထွက်ရှိသည့် ပြောင်းဖူးများ မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာ အဖူးရေ ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ ဈေးရရှိကြောင်း သိရသည်။

“လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေ ဈေးကောင်းရရှိနေပါတယ်။ ပြောင်းဖူးက ပြင်ဦးလွင်နဲ့ နောင်ချိုဘက်က ဝင်ရောက်နေပါတယ်။ ပြောင်းဖူးက စိုက်သူနည်းသွားတယ်။ ကားတစ်စီးကို အိတ်ရေ ၁၀၀၀၀ ကျော်ပါတယ်။ ပြောင်းဖူးက ကျန်တဲ့နေရာတွေက ထွက်ရှိတာမရှိတော့ပါဘူး။ ပြောင်းဖူးကို အိတ်ပြတ်ဝယ်ယူကြတာ များပါတယ်။ ဝင်ရောက်လာတဲ့ ပြောင်းဖူးတွေကတော့ ၇၀၂၊ ၁၃၅၊ ၉၉ မျိုးတွေပါ။ လားရှိုးနဲ့ရန်ကုန်တို့ကိုလဲ တင်ပို့ရပါတယ်။ ပစ္စည်းပြတ်လပ်မှုကြောင့် ဈေးနှုန်းတွေတက်သွားတာပါ။ အခုချိန်မှာတော့ တောင်ပေါ်ကထွက်ရှိလာတဲ့ ပြောင်းဖူးတွေ နေ့စဉ် ဝင်ရောက်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ်ကောင်းပါတယ်”ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စဉ့်ကူး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ခူလယ်ကျေးရွာအုပ်စု ခူလယ်ကျေးရွာတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခူလယ်ကျေးရွာတွင် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ပြီးပါက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

# ပင်းတယမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပင်းတယ ဇွန် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပင်စိမ်းပင်ကျေးရွာနှင့် ကုန်းစောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ပင်စိမ်းပင်ကျေးရွာနှင့် ကုန်းစောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပင်စိမ်းပင်ကျေးရွာနှင့် ကုန်းစောင်းကျေးရွာ၌ အရှည် ၁ ဒသမ ၂၅ မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၂၅၃၃ သန်းဖြင့် ရွှေခမ်းကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ရမည်းသင်းမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၂၅၁ ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၃၇၇၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ စတုတ္ထပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးမြေပဲ ၅၄၆၂ ဧက၊ မိုးနှမ်း ၆၀၅၇ ဧက၊ မိုးနေကြာ ၁၇၃၂ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၁၃၂၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရမည်းသင်းမြို့နယ်အတွင်း ဆီထွက်သီးနှံဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဆီထွက်သီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးတာက ပြည်တွင်းရှိ စားသုံးသူပြည်သူတွေ ဆီဖူလုံမှုအတွက် အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးနေပါတယ်။ စားသုံးဆီဖူလုံစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှစ်အလိုက် ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်ဖို့နဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

အဆိုပါ ဆီထွက်သီးနှံကို ရမည်းသင်းမြို့နယ်တွင် လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ပြီး ပြည်သူများ စားသုံးဆီဖူလုံစေရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရမည်းသင်းမြို့နယ်တွင် စိုက်ပျိုးနေသည့် ဆီထွက်သီးနှံများမှာ မိုးမြေပဲဧက ၁၇၅၀၀၊ မိုးနှမ်းဧက ၁၆၅၅၀၊ မိုးနေကြာဧက ၉၇၂၈ ဧကတို့ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၁၈၅)

# သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သာဂရကျေးရွာအုပ်စု သုံးပတ်လည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သုံးပတ်လည်ကျေးရွာ၌ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၆၀ ကို သတ္တမအကြိမ်အဖြစ် စီမံကိန်း ရန်ပုံငွေကျပ် ၅၂၂ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာ

**မော်လမြိုင်ကျွန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့်မေလက ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ သာဈေးရှိခဲ့ပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါကွမ်းသီးခြောက်များ ဈေးကောင်းလာခြင်းသည် ရန်ကုန်မြို့က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ကွမ်းသီးခြောက်ဈေးနှုန်းက ကွမ်းသီးစိုက်တဲ့သူတွေနဲ့ သိုလှောင်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ ကျွန်မတို့ အရောင်းအဝယ်သမားတွေလဲ အရောင်းအဝယ်လုပ်ရတာ အခက်အခဲမရှိပါဘူး။ အခုနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာကို လိုအပ်ချက်တအားများနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ် ဝယ်ယူမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လဲ အခုလိုအဝယ်လဲလိုက်ပြီး ဈေးကလဲ တက်လာတာပါ။ အခုအချိန်က ကွမ်းသီးခြောက်အသစ် မထွက်တော့ပါဘူး။ ဒါကြောင့် တစ်လျှောက်လုံး ဈေးကောင်းနေဖို့ရှိပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူကာ စနစ်တကျအလုံးအတိုင်းနှင့် ခွဲစိတ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက်ဈေးကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အယ်လ်နီညို(အပိုင်း-၃)

ပါမောက္ခကိုကိုအောင်



အစွန်းရောက်ရာသီဥတုဖြစ်သော အယ်လ်နီညိုကြောင့် ဒေသတချို့တွင် မိုးရွာသွန်းမှုပုံစံများလည်း ပြောင်းလဲသွားခဲ့သည်။ တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှု အကြိမ်ပေါင်းများစွာရှိခဲ့ပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပြည်သူ ၇၅ သန်းတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။ ထို့အတူ ပါကစ္စတန်နိုင်ငံ၌လည်း တစ်ရက်တည်း၌ ရွာသွန်းသောမိုးရေချိန်သည် ယခင်က တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်ကိုပင် ကျော်လွန်သွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၀ အယ်လ်နီညိုနှစ်က မြင်းမူမြို့၌ အပူချိန် ၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ စံချိန်တင်မြင့်တက်ခဲ့သကဲ့သို့ အခြားမြို့ကြီးတချို့၌လည်း အပူချိန် ၄၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့သည်။ အဆိုပါ အယ်လ်နီညိုနှစ်က အပူချိန်မြင့်မားသည့်ဒဏ်ကိုခံစားရသော ဝေဒနာရှင်ဦးရေ ၆၀၀ ကျော်ရှိခဲ့သည့်အနက် ၂၅ ရာခိုင်နှုန်းခန့်မှာ အသက်ဆုံးရှုံးခဲ့ကြရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၁ ကြိမ်မြောက် Conference of Parties ကမ္ဘာ့ညီလာခံကြီးတွင် **၂၁၀၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာမှုကို ၂ ဒီဂရီစင်တီဂရိတ်အောက် လျှော့ချရန်နှင့် ထိုမှတစ်ဆင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ကန့်သတ်လျှော့ချရန်** ဟူသော သဘောတူညီချက်ကို ရေးဆွဲပြီးဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် အယ်လ်နီညိုရာသီဥတုကို ရင်ဆိုင်ကြုံတွေ့နေကြရသည့် ပြည်သူဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးရွာဆေးပေးခန်းများစသည်တို့၌လည်း အပူဒဏ်လွန်ကဲမှုကြောင့် ဖြစ်ပွားတတ်သောရောဂါဝေဒနာအမျိုးမျိုးကို ကုသပေးနိုင်မည့် ဆေးဝန်ထမ်းများ၊ ဆေးဝါးများ၊ အထောက်အကူပြုပစ္စည်းများ၊ လျင်မြန်စွာကယ်တင်ကုသနိုင်မည့်ကုထုံးများ စသည်တို့ကို အရန်သင့်ထားရှိပေးရန်လိုအပ်ပြီး ကုသရမည့် ကုထုံးအဆင့်ဆင့်ကိုလည်း အများပြည်သူ ထင်သာမြင်သာရှိအောင် နံရံကပ်ပိုစတာများကပ်ထားခြင်းဖြင့် အသိပညာပေးရမည်ဖြစ်သည်။

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များ၊ တိုက်တွန်းချက်များနှင့် အကြံပြုချက်များကိုလည်း အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် မီဒီယာများကိုအသုံးချခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်ကြီးများစိုက်ထူထားခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် ဘူတာရုံများ၌ ကျန်းမာရေးပညာပေးပိုစတာများကပ်ထားခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်မပြသမီ ဆလိုက်ဖြင့် ကြော်ငြာအသိပေးခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် နှိုးဆော်တိုက်တွန်းခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေအသိပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အပူချိန်အဆမတန်မြင့်တက်ခြင်းသည် ရောဂါပိုးကိုသယ်ဆောင်သည့်ခြင်မျိုးစိတ်များကို ပိုမိုပေါက်ဖွားလာစေပြီး ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်ကူးစက်ရောဂါစသောရောဂါဆိုးများဖြစ်ပွားမှုကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်ရသော မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်သုံးရေအခက်အခဲနှင့်ကြုံတွေ့ကြရဖွယ်ရှိနေသည့်အတွက် မသန့်ရှင်းသောရေကို သောက်သုံးမိရာမှ ဆက်စပ်ဖြစ်ပွားလာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါများကို ခံစားကြရနိုင်ပြီး အရေပြားဆိုင်ရာကူးစက်ရောဂါများကိုလည်း ခံစားရနိုင်သည်။

သို့ဖြစ်၍ အယ်လ်နီညိုကြောင့် ဆက်စပ်ဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ထိထိရောက်ရောက်ကြိုတင်ကာကွယ်နိုင်မည့် အစီအမံများအားလုံးကိုလည်း စနစ်တကျပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ကြရာတွင် အစိုးရပိုင်းအနေဖြင့်သာ လုပ်ဆောင်၍မရဘဲ ပြည်သူလူထုအားလုံးတို့ကပါ အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အလားတူပင် အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာသည့် အပူချိန်မြင့်တက်မှုသည် မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူဖြစ်ပွားစေနိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ သို့ဖြစ်၍ အမှိုက်မီးရှို့ခြင်း၊ ပူပြင်းသောအချိန်၌ ဓာတ်ဆီကိုအသုံးပြုခြင်းနှင့်ဓာတ်ဆီပုံးများလဲလှယ်ခြင်း၊ လျှပ်စစ်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုမှုမရှိခြင်း၊ မီးကိုပေါ့ဆစွာသုံးစွဲခြင်း၊ ဓာတ်ငွေ့သုံးမီးဖိုနှင့် ဆက်စပ်ပစ္စည်းများကို လဲလှယ်မှုမရှိဘဲ ကာလကြာရှည်စွာအသုံးပြုခြင်း၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များ၌ ကြံ့ခိုင်မှုအားနည်းသောဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ၊ အရည်အသွေးစံမမီသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်သုံးစွဲထားခြင်း စသည်တို့ကို ရှောင်ကြဉ်ကြရန်လည်း အထူးလိုအပ်မည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုသည် တောမီးလောင်ကျွမ်းမှုကိုပါ ဖြစ်ပေါ်စေနိုင်သည့်အတွက် တောင်ယာမီးရှို့ခြင်း၊ တောထဲ၌ မီးကြွင်းမီးကျန်ထားခဲ့ခြင်း၊ အမဲလိုက်သူများအနေဖြင့် တောခြောက်ရန် မီးရှို့ခြင်း၊ တောတွင်း၌ တစ်ဦးနှင့်တစ်ဦး မီးခိုးဖြင့် အချက်ပြခြင်း၊ တောထဲ၌ မီးတုတ်ထွန်းညှိပြီး အိပ်စက်ခြင်း စသည့်အပြုအမူများကို အသိတရားရှိရှိဖြင့် လုံးဝရှောင်ရှားကြရမည်ဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းရှိ ငါးနှစ်တာကာလသည် အပူဆုံးသောကာလဖြစ်ပြီး ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်အသိပေးခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံ၌ ကြုံတွေ့ခဲ့ရသည့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ကာ လူပေါင်း ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ပါကစ္စတန်နိုင်ငံ၌လည်း အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။

အရှေ့အလယ်ပိုင်းဒေသ၌လည်း အပူချိန်များစံချိန်သစ်တင်မြင့်တက်ခဲ့သကဲ့သို့ ထိုဒေသနှင့်နီးကပ်သည့် အာဖရိကမြောက်ပိုင်းနှင့် ဥရောပနိုင်ငံတချို့၌လည်း အပူဒဏ်ကို သိသာစွာခံစားခဲ့ကြရသည်။ ၂၀၁၅ ခုနှစ်၏ အပူချိန်စံချိန်သစ်တင်သော သာဓကတချို့အဖြစ်

❖ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းရှိ ငါးနှစ်တာကာလသည် အပူဆုံးသောကာလဖြစ်ပြီး ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်အသိပေးခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံ၌ ကြုံတွေ့ခဲ့ရသည့်အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ကာ လူပေါင်း ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ပါကစ္စတန်နိုင်ငံ၌လည်း အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀ ကျော်အသက်ဆုံးရှုံးခဲ့ကြရသည်။ ❖

အီရန်နိုင်ငံ၌ ၄၆ ဒီဂရီစင်တီဂရိတ်ထိ၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီစင်တီဂရိတ်ထိနှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

အီကွေတာရပ်ဝန်းနိုင်ငံများအားလုံးတို့က အဆိုပါသဘောတူညီချက်အတိုင်း အင်တိုက်အားတိုက်ဖြင့် စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပေသည်။

# နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်မောက် ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖြစ်သော တံခွန်တိုင်ကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြသန္တာက ဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များ ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ကိုယ်တိုင်ရေးဆွဲပြီး အဆိုပါစီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တံခွန်တိုင်ကျေးရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတိုးတိုးအောင်က စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာကော်မတီဝင်များရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြသန္တာ ထံမှ သိရသည်။

သုသု

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၆၇၁၆ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၆၇၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံ ၄၆၁၈၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဇွန် ၂၅ ရက်ထိ ၃၆၇၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ မနှစ်က ဆီထွက်သီးနှံဧက ၄၆၂၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဆီထွက်သီးနှံဧက ၄၆၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၃၆၇၀၀ ကျော်စိုက်ပျိုးပြီးစီးပြီ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၅၈၅၃ ဧက၊ နှမ်း ၂၄၇၃၆ ဧက၊ နေကြာ ၆၁၂၇ ဧကဖြစ်ပြီး လျာထားမှုအနေဖြင့် မြေပဲ ၉၃၂၈ ဧက၊ နှမ်း ၂၄၆၃၂ ဧက၊ နေကြာ ၁၂၂၂၁ ဧကဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်မှုအနေဖြင့် မြေပဲ ၉၂၃၈ ဧက၊ နှမ်း ၂၄၈၀၉ ဧက၊ နေကြာ ၁၂၂၂၁ ဧက စုစုပေါင်း ၄၆၂၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ်တွင် စစ်ကိုင်းမြို့နယ်၌ ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ်၌ ကျေးရွာအဆင့် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းပုံစံများရေးသွင်းနည်းသင်တန်းပို့ချ

**မိုင်းဖြတ် ဇွန် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နားအယ်ကျေးရွာနှင့် ပန်ကြူကျေးရွာတို့မှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား ကျေးရွာအဆင့် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းပုံစံများ ရေးသွင်းနည်းသင်တန်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်က တက်ရောက်လာကြသော စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရန် သင်ယူတတ်မြောက်ထားသည့် ပညာများဖြင့် ကျေးရွာအသင်းဝင်များအပေါ် ရန်ပုံငွေများစီမံခန့်ခွဲတတ်စေရန်နှင့် စာရင်းဇယားများ စနစ်တကျပြုစုတတ်စေရန်အတွက် အဆိုပါသင်တန်းကို ပို့ချရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နမ့်ယွန်းကျေးရွာအုပ်စု နားအယ်ကျေးရွာနှင့် ပန်ကြူကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် စုစုပေါင်း ၁၄ ဦးကို ရန်ပုံငွေစီမံခန့်ခွဲနည်း၊ ငွေစာရင်းရေးသွင်းနည်း၊ ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ဇွန် ၂၅ ရက်က တစ်ရက်တာ ပို့ချပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

ဝင်းမာ

# ခံယူတိုက်ဖျက် လက်ချင်းဆက်

\- အဆိပ်ခိုးထဲ
ငြိစွဲကျံဝင် ညို့ငင်မှုအောက်
ဒုးထောက်မြေခ ကြွေလွင့်ရရှာ
ဘဝ အသက်ပေါင်း မနည်းပြီ။

\- အဆိပ်ငွေ့ထဲ
စွဲလမ်းတွယ်နှောင် ဆွဲဆောင်မှုအောက်
ချောက်ချားညှိုးလျ နစ်မွန်းရရှာ
ဘဝ အသက်ပေါင်း မနည်းပြီ။

\- အဆိပ်ရည်ထဲ
နစ်မြုပ်မွေ့ပျော် စိန်ခေါ်မှုအောက်
ဖောက်ပြန်ဆူကြွ နွမ်းချုံးရရှာ
ဘဝ အသက်ပေါင်း မနည်းပြီ။

\- အဆိပ်သင့်ကျွမ်း အမှောင်လမ်းထက်
ဖမ်းစားပို့ဆောင် စွဲလမ်းအောင်လျှင်
နှောင်ငင်နိုင်စွ မာယာလှနှင့်
စိတ်ကြွဆူနိုး သောကပျိုးခဲ့
"ကောင်းကျိုးမပေး မူးယစ်ဆေး"ကား
သွေးအေးသားကောင် ပိတ်လှောင်ကျရောက်
ခြိမ်းခြောက်ရက်စက် စိန်ခေါ်လျက်တည့်
မျိုးဖျက်ရန်စွယ် စစ်စစ်တကား။

\- မျိုးဖျက်အစစ် ရန်စွယ်စစ်မို့
မျိုးချစ်အားမာန် သန္နိဋ္ဌာန်ဖြင့်
"ခံယူတိုက်ဖျက် လက်ချင်းဆက်"၍
မျိုးဖျက်အန္တရာယ် လွင့်ပျောက်ကွယ်အောင်
ရောင်း ဝယ် သယ် ဖြန့် သုံးစွဲတန့်အောင်
"တပ်လှန့်ဆီးတား နှိမ်နင်းသွားစို့"
"ရှောင်ရှားလေကြ ကျော်လွှားကြစို့"
တက်ကြွနိုးကြား ပေါင်းစည်းအားဖြင့်
ပြတ်သားစိတ်နှာ ချေမှုန်းပါမှ
ကမ္ဘာပြည်ခွင် ဆိပ်ခိုးစင်လျက်
ကြည်ရွှင်လန်းမြ ချမ်းမြေ့ရလိမ့်
တက်ကြွညီညာ ဝိုင်းဝန်းကာ
မူးယစ်ရန်ခပ်သိမ်း ချုပ်ငြိမ်းဖို့ရာ
အမျိုးသားရေး တို့ဝန်တာ။ ။

**မင်းသွေးနွယ်(ဓီးကုန်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## ကိုရီးယားကျွန်းဆွယ်စစ်ပွဲဖြစ်ပွားမှု ၇၃ နှစ်ပြည့် လူထုစည်းဝေးပွဲများ မြောက်ကိုရီးယားကျင်းပ




**ပြုံယမ်း ဇွန် ၂၆**

ကိုရီးယားကျွန်းဆွယ် စစ်ပွဲဖြစ်ပွားမှု ၇၃ နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားအဖြစ် မြောက်ကိုရီးယားနိုင်ငံသည် ဇွန် ၂၅ ရက်တွင် ပြုံယမ်းမြို့၌ လူထုစည်းဝေးပွဲများ ခမ်းနားစွာကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြုံယမ်းမြို့တော် တစ်ခွင်၌ ကျင်းပခဲ့သော ကိုရီးယားကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု ၇၃ နှစ်ပြည့် လူထုစည်းဝေးပွဲများတွင် အလုပ်သမားနှင့်ကျောင်းသား ဦးရေ ၁၂၀၀၀၀ ခန့်ပါဝင်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လူထုစည်းဝေးပွဲများသို့တက်ရောက်လာသည့် မြောက်ကိုရီးယား အလုပ်သမားနှင့်ကျောင်းသားများသည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများရေးသားထားသည့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ပါဝင်ခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယား အစိုးရက စစ်သုံး သူလျှိုဂြိုဟ်တုတစ်စင်း ထပ်မံလွှတ်တင်နိုင်သည့်အရေးနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများက စိုးရိမ်နေကြချိန်တွင် ကိုရီးယားကျွန်းဆွယ်စစ်ပွဲဖြစ်ပွားမှု ၇၃ နှစ်ပြည့် လူထုစည်းဝေးပွဲများကို ပြုံယမ်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ချူကလီးယားစစ်မီးကို မွှေးရန် အသည်းအသန်ကြိုးစားနေကြောင်း ကိုရီးယားကျွန်းဆွယ်စစ်ပွဲ စတင်ဖြစ်ပွားမှု ၇၃ နှစ်ပြည့်နေ့တွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ခဲ့သည်။

၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားကျွန်းဆွယ်စစ်ပွဲသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်ရာ လက်တွေ့သဘောအားဖြင့် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့မှာ စစ်ဖြစ်နေဆဲအခြေအနေတွင်သာ ရှိနေဆဲဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံ ကန်းဆုပြည်နယ်၌ စားသောက်ဆိုင်ပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်းဆုပြည်နယ်၌ယနေ့တွင် စားသောက်ဆိုင်ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်အစိုးရ မီဒီယာများ၏ အဆိုအရ ကန်းဆုပြည်နယ် အသားပေါင်းဆိုင်တစ်ဆိုင်၌ ပေါင်းအိုးပေါက်ကွဲ ပွင့်ထွက်မှုကြောင့် လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် တရုတ်ပြည်တွင်း၌ ရက်သတ္တပတ်မပြည့်မီကာလအတွင်း ဖြစ်ပွားခဲ့သည့် တတိယမြောက် စားသောက်ဆိုင်ပေါက်ကွဲမှုဖြစ်သည်။

ဇွန် ၂၁ ရက်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ရှားဒေသရှိ အသားကင်ဆိုင်တစ်ဆိုင်၌ ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၃၁ ဦး သေဆုံးခဲ့ရသည်။

ထို့အတူ ဇွန် ၂၃ ရက်ကလည်း တရုတ်နိုင်ငံအလယ်ပိုင်း ကျန်ကျိုးမြို့၌ စားသောက်ဆိုင်ဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အိမ်တစ်လုံးပြိုကျခဲ့ရသည်။

စားသောက်ဆိုင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် တရုတ်တာဝန်ရှိသူများသည် မီးဘေးလုံခြုံရေးစည်းမျဉ်းများကို နိုင်ငံတစ်ဝန်း ထိထိရောက်ရောက်ကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

KKO

## အမေရိကန်လေယာဉ်တင်သင်္ဘော ဗီယက်နမ်နိုင်ငံသို့ရောက်ရှိ




**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘောသည် ယနေ့တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ယူအက်စ်အက်စ် ရော်နယ်ရေဂင်၏ ဒါနန်းဆိပ်ကမ်းခရီးစဉ်တွင် ပဲ့ထိန်းဒုံးကျည်တင်စစ်သင်္ဘောနှစ်စီးလည်း အတူလိုက်ပါလာကြောင်း သိရသည်။

အရှေ့တောင်အာရှ၌ ဩဇာလွှမ်းမိုးထားနိုင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ အပြိုင်ကြိုးစားနေစဉ် အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘော ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယူအက်စ်အက်စ် ရော်နယ်ရေဂင်နှင့် ပဲ့ထိန်းဒုံးကျည်တင်သင်္ဘောများသည် ဒါနန်းဆိပ်ကမ်း၌ ဇွန် ၃၀ ရက်ထိ ဆိုက်ကပ်ထားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာကြောင့်တရုတ်-ဗီယက်နမ်နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုများရှိနေခဲ့ရသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံကလည်း ရန်သူဟောင်း ဗီယက်နမ်နိုင်ငံနှင့် ပုံမှန်သံတမန်ဆက်ဆံရေး အဆင့်မြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

## ဂွါတီမာလာသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ထပ်မံကျင်းပရဖွယ်ရှိ

**ဂွါတီမာလာစီးတီး ဇွန် ၂၆**

ဂွါတီမာလာသမ္မတရွေးကောက်ပွဲကို ဇွန် ၂၅ ရက်တွင် ကျင်းပခဲ့ရာ ကနဦး ထွက်ပေါ်လာသည့်ရလဒ်များအရ ဒုတိယအကျော့သမ္မတရွေးကောက်ပွဲထပ်မံကျင်းပရဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲဆန္ဒမဲလက်မှတ် ၄၀ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် သမ္မတဟောင်း၏ဇနီး စန်ဒရာတောရက်စ်က ထောက်ခံမဲ၁၅ရာခိုင်နှုန်း ရရှိထားပြီး အစိုးကပြိုင်ဘက်သမ္မတလောင်း ဘာနာဒိုအရီဗာလိုက ၁၂ ဒသမ ၂ ရာခိုင်နှုန်းရရှိထားကြောင်း သိရသည်။

အဆိုပါပမာဏ မဲရလဒ်များအရ ဂွါတီမာလာနိုင်ငံအနေဖြင့် လာမည့်ဩဂုတ်လအတွင်း ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ထပ်မံ ကျင်းပရဖွယ်ရှိသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

ဂွါတီမာလာသမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၂၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လူထုသဘောထားကောက်ခံချက်ရလဒ်များအရ ကွယ်လွန်သူ ဂွါတီမာလာသမ္မတဟောင်း အယ်လ်ဗာရိုကိုလမ်၏ဇနီး စန်ဒရာတောရက်စ်မှာ ဒုတိယအကျော့ ရွေးကောက်ပွဲ၌ ရှုံးနိမ့်နိုင်ကြောင်း သိရသည်။

ဂွါတီမာလာ ဥပဒေများအရ သမ္မတရာထူးကို သက်တမ်းတစ်ဆက်သာ ထမ်းဆောင်ခွင့်ပေးထားရာ လက်ရှိသမ္မတ အလက်ဂျန်ဒရိုဂျီယမ်မက်တိုင်းမှာ ဇွန် ၂၅ ရက်ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

KKO



## မြောက်ပိုင်းမြို့တော်ကြီးနှစ်မြို့၌ ညမထွက်ရအမိန့် ဟွန်ဒူးရပ်စ်နိုင်ငံ ကြေညာ

**တီဂူစီဂယ်လ်ပါ ဇွန် ၂၆**

ဇွန် ၂၄ ရက် ညပိုင်းမှစ၍ သီးခြားဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအတွင်း လူပေါင်း ၂၀ ကျော် သေဆုံးခဲ့ရပြီးနောက် ဟွန်ဒူးရပ်စ်အစိုးရသည် မြောက်ပိုင်းဒေသမြို့တော်ကြီးနှစ်မြို့၌ ဇွန် ၂၅ ရက်တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဟွန်ဒူးရပ်စ် မြောက်ပိုင်း ချိုလိုမာမြို့၌လက်နက်အပြည့်အစုံကိုင်ဆောင်ထားသော လူတစ်စုက ဘိလိယက်ရုံတစ်ရုံအတွင်း ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၃ ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ဇွန် ၂၄ ရက် ညပိုင်းမှာပင် စန်ပက်ဒရိုမြို့တော် အပါအဝင် ဗယ်လ်ဒီဆူလာဒေသအနှံ့အပြား၌ အနည်းဆုံးလူသတ်မှု ၁၁မှုဖြစ်ပွားခဲ့ရကြောင်းဟွန်ဒူးရပ်စ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။


အဆိုပါတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရိုသည်ချိုလိုမာမြို့တော်နှင့် စန်ပက်ဒရိုမြို့တော်တို့အတွက် ၁၅ ရက် သက်တမ်းရှိ ညမထွက်ရအမိန့်ကို ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ချိုလိုမာမြို့တော်အတွက်ကြေညာထားသည့် ညမထွက်ရအမိန့်မှာ ဇွန် ၂၅ ရက်မှာပင် စတင်အာဏာသက်ရောက်ခဲ့ပြီး စန်ပက်ဒရိုမြို့အတွက် ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်မှာ ဇူလိုင် ၄ ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဟွန်ဒူးရပ်စ်ရဲတပ်ဖွဲ့သည် အဆိုပါမြို့နှစ်မြို့တည်ရှိရာ ဆူလာတောင်ကြားနယ်မြေသို့ရဲနှင့်လက်နက်ကိုင်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ ထပ်မံ စေလွှတ်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာ့လေထု၏ အလွှာတစ်လွှာဖြစ်သော သာမိုစဖီးယားလေထုလွှာ မကြာသေးမီကာလအတွင်းက အပူချိန်မြင့်တက်လာခဲ့



**ဝါရှင်တန် ဇွန် ၂၆**

ကမ္ဘာ့လေထု၏ အလွှာတစ်လွှာဖြစ်သော သာမိုစဖီးယား လေထုလွှာသည် မကြာသေးမီကာလအတွင်းက အပူချိန်မြင့်တက်လာခဲ့ရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ယခုနှစ်အတွင်း ကမ္ဘာဆီသို့ ရောက်ရှိလာသော ဘူမိသံလိုက်စက်ကွင်းမုန်တိုင်းများ၏ စွမ်းအင်များကို စုပ်ယူခဲ့ပြီးနောက် သာမိုစဖီးယားလေထုလွှာ၏ အပူချိန်မှာ နှစ် ၂၀ ခန့်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ရကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာသိပ္ပံပညာရှင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နိုက်ထရစ်အောက်ဆိုက် မော်လီကျူးများက ထုတ်လွှတ်သည့်အနီအောက်ဖြာထွက်ရောင်ခြည်များကို ကြားခံထား၍ သာမိုစဖီးယားလေထုလွှာ အပူချိန်ကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်က စတင်တိုင်းတာခဲ့ကြောင်း သိရသည်။

သာမိုစဖီးယားလေထုလွှာ၏ အပူချိန်သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က လက်ရှိအဆင့်သို့ရောက်ခဲ့ဖူးကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သာမိုစဖီးယားလေထုလွှာ၏ အပူချိန်သည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းဖြစ်ပေါ်ခဲ့သော ဘူမိသံလိုက်စက်ကွင်းမုန်တိုင်းများကြောင့် မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

သာမိုစဖီးယားလေထုလွှာသည် ကမ္ဘာမြေပြင်အထက် အမြင့် ၅၃ မိုင်တွင် တည်ရှိသော လေထုလွှာဖြစ်ကြောင်း သိရသည်။

KKO

## အာရီယာနီ-၅ ဒုံးပျံများ၏ နောက်ဆုံးမစ်ရှင်ကို ဇူလိုင် ၄ ရက်တွင် လွှတ်တင်ရန် ဥရောပအာကာသအေဂျင်စီ စီစဉ်ထား

**ပဲရစ် ဇွန် ၂၆**

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများ၏ နောက်ဆုံးမစ်ရှင်ကို ဇူလိုင် ၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီသည် နောက်ဆုံး အာရီယာနီဒုံးပျံကို မူလက ဇွန် ၁၆ ရက်တွင်လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ဒုံးပျံပင်မကိုယ်တွင်ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ကြောင့် လွှတ်တင်ရန် အစီအစဉ်ကို ဆိုင်းငံ့ခဲ့သည်။

သို့ရာတွင် မိမိတို့အနေဖြင့် အာရီယာနီ-၅ နောက်ဆုံးမစ်ရှင်ကို ဇူလိုင် ၄ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားသည်ဟု ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ဥရောပအာကာသအေဂျင်စီသည် ဂြိုဟ်တုနှစ်စင်း သယ်ဆောင်ထားသည့် နောက်ဆုံးအာရီယာနီ-၅ ဒုံးပျံကို ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများကို ၁၉၉၆ ခုနှစ်မှစ၍ အသုံးပြုခဲ့ပြီး လက်ရှိတွင် ၁၁၆ ကြိမ်ထိ ပစ်လွှတ်ခဲ့ပြီးဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံနေရာတွင် အာရီယာနီ-၆ ဒုံးပျံသစ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း သိရသည်။

KKO

## တိုက်ရိုက်ဓာတ်ပုံရိုက်ကူးနိုင်သော ဒြပ်ထုအနိမ့်ဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၂၆**

တိုက်ရိုက်ဓာတ်ပုံရိုက်ကူးနိုင်သော ဒြပ်ထုအနိမ့်ဆုံး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအနက် တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

AF Lep b ဟု၍ အမည်ပေးထားသော အဆိုပါဂြိုဟ်ကို အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဟာဝိုင်ရီကျွန်းအခြေစိုက် ဒဗလျူအမ်ကတ်ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

AF Lep b ဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကြာသပတေးဂြိုဟ် ဒြပ်ထု၏ သုံးဆခန့်သာရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၈၇ ဒသမ ၅ နှစ်အကွာတွင်ရှိသော AF Leporis အမည်ရှိ သက်နုကြယ်တစ်စင်းကို ဗဟိုပြု လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

AF Lep b ဂြိုဟ်သည် AF Leporis ကြယ်ထက် အလင်းအားအဆပေါင်း ၁၀၀၀ ပို၍ မှေးမှိန်ပြီး ၎င်းဂြိုဟ်နှင့် မိခင်ကြယ်တို့ကြား အကွာအဝေးမှာ ကမ္ဘာနှင့်နေ အကွာအဝေး၏ ရှစ်ပြန်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကြယ်များ၏ သိမ်မွေ့သော လှုပ်ရှားမှုများကို တိုင်းတာမှုနည်းပညာ (Astrometry)ဖြင့် AF Lep b ဂြိုဟ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ဗီတာမင်မျိုးစုံနှင့် တွင်းထွက်ဓာတ်ဖြည့်စွက်ဆေးများက သက်ကြီးပိုင်းမှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၂၆**

ဗီတာမင်မျိုးစုံဖြည့်စွက်ဆေးများနှင့် တွင်းထွက်ဓာတ်ဖြည့်စွက်ဆေးများ နေ့စဉ်သုံးစွဲခြင်းဖြင့် သက်ကြီးပိုင်းများအနေဖြင့် မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုအရှိန်ကို လျှော့ချနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်မျိုးစုံဖြည့်စွက်ဆေးများနှင့် တွင်းထွက်ဓာတ်ဖြည့်စွက်ဆေးများ နေ့စဉ်သုံးစွဲခြင်းဖြင့် သက်ကြီးပိုင်းများ၏ စဉ်းစားဆင်ခြင်နိုင်စွမ်းအတွက် အကျိုးကျေးဇူးရှိနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၉ နှစ်နှင့် ၆၄ နှစ်ကြား လူပေါင်း ၃၅၆၂ ဦးတို့ကို ဗီတာမင်မျိုးစုံ ဖြည့်စွက်ဆေးများ တွင်းထွက်ဓာတ်ဖြည့်စွက်ဆေးများ ကျွေး၍ လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ အထက်ပါဖြည့်စွက်ဆေးများသုံးစွဲထားသူများတွင် မှတ်ဉာဏ်ကျဆင်းမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဗီတာမင်မျိုးစုံဖြည့်စွက်ဆေးများနှင့် တွင်းထွက်ဓာတ်ဖြည့်စွက်ဆေးများကြောင့် မှတ်ဉာဏ်ကျဆင်းမှုအရှိန် လျှော့ချနိုင်မှုမှာ ရေတိုသဘောလောက်ပင်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

ထို့ပြင် အထက်ပါဖြည့်စွက်ဆေးနှစ်မျိုး၏ အကျိုးသက်ရောက်မှုကို သက်ကြီးပိုင်းများတွင်သာ တွေ့ရသေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## Bempedoic Acid ဆေးက ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၂၆**

စတာတင်(Statin) ကိုလက်စထရော လျှော့ချရေးဆေးများအစား အသုံးပြုနိုင်သည့်ဆေးတစ်မျိုးသည် ဆိုးကျိုးပြုကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားသူများ နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Bempedoic Acid အမည်ရှိ အဆိုပါဆေးသစ်ကို နေ့စဉ်သောက်သုံးပါက ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆေးသည် ဆိုးကျိုးပြုကိုလက်စထရောပါဝင်မှုမြင့်မားသူများ နှလုံးရောဂါများနှင့် နှလုံးဖောက်မှုတို့ကြောင့် အသက်ဆုံးပါးနိုင်ခြေကိုလည်း ၃၉ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Bempedoic Acid ကို အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) ၏ အသုံးပြုခွင့်အတည်ပြုချက်ကိုရရှိထားပြီးဖြစ်သည်။

Bempedoic Acid သည် စတာတင်ဆေးသုံးစွဲရန် ဆန္ဒမရှိသူများအတွက် အစားထိုးသုံးနိုင်မည့်ဆေးတစ်မျိုးဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

စတာတင်ဆေးသည် ကိုလက်စထရောလျှော့ချရာတွင်အကောင်းဆုံး ဆေးတစ်မျိုးဖြစ်သော်လည်း ဘေးထွက်ဆိုးကျိုးတချို့ကြောင့် လူနာအများအပြားမှာ ၎င်းဆေးကို သုံးစွဲလိုခြင်းမရှိကြောင်း သိရသည်။

KKO






# စိန့်မက်ဆီမန်ကိုရောင်းချ၍ မက်ဒီဆင်ကို ခေါ်ယူရန် နယူးကာဆယ်အသင်းကြိုးပမ်း

**လန်ဒန် ဇွန် ၂၆**

နယူးကာဆယ် အသင်းသည် ကစားသမားသစ် ထပ်မံခေါ်ယူရန်အတွက် ဝင်ငွေထွက်ငွေစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန် အသင်းမှ တောင်ပံကစားသမား စိန့်မက်ဆီမန်ကိုရောင်းချ၍ လက်စတာအသင်းမှ ကွင်းလယ်ကစားသမား မက်ဒီဆင်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း The Athletic သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ် အသင်းသည် ငွေကြေးအမြောက်အမြားသုံးစွဲနိုင်သည့် အသင်းဖြစ်သော်လည်း အသင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့်သာရရှိထားသဖြင့် ကစားသမားသစ်ထပ်မံခေါ်ယူပါက ဝင်ငွေထွက်ငွေစည်းမျဉ်းကြောင့် အသင်းမှ ကစားသမားတစ်ဦးရောင်းချရမည်ဖြစ်ပြီး စိန့်မက်ဆီမန်ကို ရောင်းချ၍ ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းခဲ့ရသည့် လက်စတာအသင်း ကွင်းလယ်ကစားသမား မက်ဒီဆင်ကို ခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား မက်ဒီဆင်ကို စပါးအသင်းက စိတ်ဝင်စားနေသော်လည်း စပါးအသင်းအနေဖြင့် ဥရောပပြိုင်ပွဲ ကစားရမည်မဟုတ်သဖြင့် ချန်ပီယံလိဂ်ကစားခွင့်ရရှိထားသည့် နယူးကာဆယ်အသင်းသည် မက်ဒီဆင်ကိုခေါ်ယူရန် အခွင့်အရေးသာနေသောကြောင့် နည်းပြဟိုဝီက ၎င်း၏ ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့် စိန့်မက်ဆီမန်ကို ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ မတိုင်မီ ကစားသမားဖြည့်တင်းမှုများပြုလုပ်နေသည့် နယူးကာဆယ်အသင်းသည် အာဆင်နယ်အသင်း ခံစစ်ကစားသမား တီယာနေးနှင့် အေစီမီလန်ကွင်းလယ်ကစားသမား တိုနယ်လီတို့ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အင်တာမီလန်အသင်း ခံစစ်ကစားသမား ဒီမာကိုနှင့် လက်စတာအသင်း ကွင်းလယ်ကစားသမား မက်ဒီဆင်တို့ကို ထပ်မံခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ ML




# Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရက်ဒ်လေ ဆွတ်ခူး




**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်နိုင်ငံ ကွန်နက်တီကပ်တွင်ကျင်းပခဲ့သည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရက်ဒ်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဇက်ဘိုင်ယာနှင့် ဘရိုင်ယန်ဟာမန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာ၊ပက်ထရစ်ကန်တလေနှင့် ချိဇ်ရီဗာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဘရက်ဒ်လေသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံး အဓိကဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုဖလားကိုလည်း ပထမနေ့မှနောက်ဆုံးနေ့ထိ အမှတ်ပေးဇယားကို ဦးဆောင်ကာ wire-to-wire ပုံစံဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရက်ဒ်လေက "ဒီဆုက ဂေါက်သီးရိုက် အားကစားကို ဝါသနာပါတဲ့ ကျွန်တော့်ကလေးတွေအတွက်ပါ။ သူတို့ရှေ့မှာချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့လို့ဂုဏ်ယူပါတယ်။ ကျွန်တော်ပြောခဲ့ဖူးသလို ကျွန်တော့်ဘဝမှာ အလိုချင်ဆုံးဆုဖလားက Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲဆုဖလားပါ။ အခု ကျွန်တော့်အိပ်မက်တွေ တကယ်ဖြစ်လာခဲ့ပြီ။ ကမ္ဘာ့အဆင့်ကစားသမားတွေကို ကျော်ဖြတ်ပြီး အခုလို အောင်မြင်မှုရယူနိုင်ခဲ့တာဟာ ကျွန်တော့်ဘဝအတွက် အမှတ်တရကောင်းတစ်ခုပါပဲ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ချဲလ်ဆီးအသင်း၏အနာဂတ်နှင့်ပတ်သက်၍ နည်းပြပိုချက်တီနိုနှင့် ဆွေးနွေးခဲ့ကြောင်း အိုဗွိုင်းပြောကြား

**လန်ဒန် ဇွန် ၂၆**

ပြီးခဲ့သည့် ဘောလုံးရာသီက လေဗာကူဆင်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည့် တောင်ပံကစားသမား အိုဗွိုင်းက ချဲလ်ဆီးအသင်း၏ အနာဂတ်နှင့်ပတ်သက်၍ နည်းပြသစ် ပိုချက်တီနိုနှင့်ဆွေးနွေးခဲ့သည်ဟုပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်း အကယ်ဒမီကစားသမား အိုဗွိုင်းသည် နည်းပြလမ်းပတ်လက်ထက်တွင် အသင်းကြီးသို့ရောက်ရှိခဲ့ပြီး ပါဝင်ခွင့်ရသည့် ပြိုင်ပွဲစုံတွင် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာမကြာခဏ ရရှိခဲ့သဖြင့် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းသို့အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရကာ လက်ရှိအသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် အသင်းအနေဖြင့် အိုဗွိုင်းကို ရောင်းချရန်စီစဉ်ခဲ့သည်။

လက်ရှိတွင် အိုဗွိုင်းကို ဥရောပထိပ်သီးကလပ်များနှင့် ဆော်ဒီအာရေဗျ ကလပ်အသင်းများက ခေါ်ယူရန်ကမ်းလှမ်းနေသောကြောင့် ၎င်းက အနာဂတ်နှင့်ပတ်သက်၍ နည်းပြသစ်ပိုချက်တီနိုနှင့်ဆွေးနွေးမှုပြုလုပ်နေပြီး ပွဲကစားခွင့်အာမခံချက်မရပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ယခုလ မကုန်မီ အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန် ကန်တီကို အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီး ကိုဗာဆစ်ကို မန်စီးတီးအသင်းသို့လည်းကောင်း၊ ဂိုးသမား မန်ဒီ၊ခံစစ်ကစားသမား ကူလီဘာလေတို့ကို ဆော်ဒီကလပ်အသင်းများသို့လည်းကောင်း ရောင်းချခဲ့ပြီး တောင်ပံကစားသမား ကိုင်ဟာဗက်ကို အာဆင်နယ်အသင်းနှင့် မေဆင်မောင့်ကို မန်ယူအသင်းသို့ရောင်းချရန် ပြင်ဆင်နေပြီး အူဘာမီယန်းနှင့် ဇီရက်ချ်တို့ကိုလည်း ဆော်ဒီကလပ်အသင်းများသို့ထပ်မံရောင်းချ၍ လူငယ်ကစားသမားများကိုသာ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

# တိုက်စစ်မှူး ဖာမင်နို ဆော်ဒီကလပ် အယ်အာလီအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့

**ရီယာဒ် ဇွန် ၂၆**

ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်းသည် လီဗာပူးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သည့် တိုက်စစ်မှူး ဖာမင်နိုကိုခေါ်ယူရန် ဆွေးနွေးခဲ့ရာ သုံးနှစ်စာချုပ်ဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဖာမင်နိုသည် လီဗာပူးအသင်းက သက်တမ်းမတိုးဘဲ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘာစီလိုနာအသင်းက ခေါ်ယူမည်မဟုတ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သောကြောင့် ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။







လက်ရှိတွင် ဖာမင်နိုသည် အယ်အာလီအသင်းနှင့် ဆေးစစ်မှုခံယူရန်ပြင်ဆင်နေပြီး ဆေးအောင်ပါက တရားဝင်ထုတ်ပြန်မည်ဖြစ်သောကြောင့် ချဲလ်ဆီးအသင်း ဂိုးသမား မန်ဒီကို ခေါ်ယူနိုင်ခဲ့သည့် အယ်အာလီအသင်းအနေဖြင့်လည်း ဒုတိယမြောက် ဥရောပထိပ်တန်းကစားသမားတစ်ဦးကို ထပ်မံခေါ်ယူနိုင်မည်ဖြစ်သည်။

နွေရာသီအပြောင်းအရွှေ့ကာလ မတိုင်မီ ဆော်ဒီအာရေဗျကလပ်အသင်းများသည် ဥရောပထိပ်တန်းကစားသမားများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီးမား၊ ချဲလ်ဆီးကွင်းလယ်ကစားသမား ကန်တီ၊ ခံစစ်ကစားသမား ကူလီဘာလေနှင့် ဂိုးသမား မန်ဒီ၊ ဝုဗ်အသင်းကွင်းလယ်ကစားသမား ရူဗင်နီဗက်တို့ကို ခေါ်ယူနိုင်ခဲ့ပြီး လက်ရှိတွင်လည်း ဥရောပတွင် ခြေစွမ်းပြသနေသည့်ကစားသမားများကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- အေစီမီလန်အသင်းက ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး စကာမက်ကာကိုခေါ်ယူရန် လာမည့်ရက်ပိုင်းအတွင်း တရားဝင်ကမ်းလှမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းက စတန်းဖို့ဘရစ်ကွင်းအမည်ကို ဂျာမန်အခြေစိုက် Allianz အသက်အာမခံကုမ္ပဏီကိုရောင်းချရန် စီစဉ်နေကြောင်း သိရသည်။
- နည်းပြ ရှိုင်ဟော့ဆန်က ပဲလေ့စ်အသင်းကို ဆက်လက်တာဝန်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ခံစစ်ကစားသမား ကင်ဂျီဆူးကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ဘရန်နီဖို့ဒ်အသင်းက ထုတ်ပြန်ခဲ့သည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရခိုင်ယူနိုက်တက်အသင်းက GFA အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇွန် ၂၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရခိုင်ယူနိုက်တက်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီးနောက် ပွဲချိန် လေးမိနစ်တွင် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၄မိနစ်တွင် စိုးမင်းနိုင်က ဒုတိယမြောက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် GFA အသင်းက ချေပဂိုးများနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင် ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းသွင်းဂိုးများဖြင့် ရခိုင်ယူနိုက်တက်အသင်းက GFA အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် တိုက်စစ်မှူး စိုးမင်းအောင်ကရရှိခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၁၀)အဖြစ် ဇွန် ၂၇ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။ STA

# KPMG Women's PGA Championship ချန်ပီယံဆု ယင်ရောင်နင်ဆွတ်ခူး

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်နိုင်ငံ မေရီလန်း၌ကျင်းပခဲ့သည့်KPMG Women's PGA Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် တရုတ်ဂေါက်သီးရိုက်မယ် ယင်ရောင်နင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း JT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင် ဂေါက်သီးရိုက်မယ် ယူကာဆာဆိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်အပါအဝင် ပြိုင်ပွဲဝင် ငါးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲစတင်သည့်နေ့မှ တတိယနေ့ထိ အမှတ်ပေးဇယားထိပ်တွင် ဆက်တိုက်ဦးဆောင်နိုင်ခဲ့သည့် နာမည်ကြီးအိုင်ယာလန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားသည် နောက်ဆုံးနေ့တွင် ရလဒ်ကျဆင်းခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်သာလျော့ရိုက်နိုင်ခဲ့သည်။

တရုတ် ဂေါက်သီးရိုက်မယ် ယင်ရောင်နင်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးသောအဓိကဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးဂေါက်သီးရိုက်လောက၌ အဓိကဆုဖလားကိုဆွတ်ခူးနိုင်ခဲ့သည့် ဒုတိယမြောက် တရုတ်ဂေါက်သီးရိုက်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ AZL



# နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမား ၁၃ ဦးထိရောင်းချပြီး စတာလင်ပေါင် သန်း ၂၆၀ ရရှိရန် မန်ယူအသင်းကြိုးပမ်း

**မန်ချက်စတာ ဇွန် ၂၆**

မန်ယူအသင်းက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှကစားသမား ၁၃ဦးထိရောင်းချပြီး စတာလင်ပေါင် သန်း ၂၆၀ ထိရရှိအောင်ကြိုးပမ်းလျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြတန်ဟတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကိုစတင် တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ကွာရာဘောင်းဖလားတစ်လုံးရရှိခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၃)နေရာတွင်သာ ရပ်တည်ခဲ့ကာ ချန်ပီယံမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ၁၄ မှတ်ထိကွာဟခဲ့သည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင်ကစားသမား ၁၃ဦးထိရောင်းချပြီးအသင်းကို အပြောင်းအလဲပြုလုပ်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းတွင် အသင်းပိုင်ရှင် အပြောင်းအလဲမပြုလုပ်နိုင်သေးသည့်အတွက် နည်းပြတန်ဟတ်အတွက်လည်း ကစားသမားသစ်ခေါ်ယူရန် ပြောင်းရွှေ့ကြေးအသုံးစရိတ်အလုံအလောက်မရရှိသည့်အခြေအနေများကြောင့် အခက် တွေ့နေရသည့်အတွက် နည်းပြတန်ဟတ်က ကစားသမား ၁၃ ဦးထိရောင်းချပြီး ပြောင်းရွှေ့ကြေးအသုံးစရိတ်ရှာဖွေလိုနေခြင်းဖြစ်သည်။

နည်းပြ တန်ဟတ်ရောင်းချလိုသည့်အသင်းမှကစားသမားစာရင်းတွင် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူများဖြစ်ကြသည့် အသင်းခေါင်းဆောင် မက်ဂွိုင်းယားကို စတာလင်ပေါင် သန်း ၄၀ နှင့် ဆန်ချိုကို စတာလင်ပေါင် ၄၅ သန်းဖြင့် ရောင်းချရန်ပြင်ဆင်နေပြီး ရောင်းချမည့်ကစားသမားစာရင်းတွင်လည်း ဖရက်ဒ်၊ ဗွမ်မီနေးလ်၊ တဲလက်စ်နှင့် ဘိုင်လီအစရှိသည့် ကစားသမားများအပြင် လူငယ်ကစားများလည်းပါဝင်လျက်ရှိနေကြောင်း သိရသည်။ STA

# Queen's Club Championship ချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး

**လန်ဒန် ဇွန် ၂၆**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပခဲ့သည့် Queen's Club Championship တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် သြစတြေးလျတင်းနစ်ကစားသမား ဒီမီနော့တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း First Post သတင်းဌာနယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်ရှိ အယ်ကာရက်ဇ်သည် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာကိုတက်လှမ်းနိုင်မည့် အခွင့်အရေးကောင်းကို ပိုင်ဆိုင်နိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တရားဝင်ထွက်ပေါ်လာပါက အယ်ကာရက်ဇ်အနေဖြင့် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ကစားသမားအနေဖြင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အယ်ကာရက်ဇ်က "Queen's Club Championship တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့တဲ့ကစားသမားစာရင်းမှာပါဝင်ခွင့်ရလာခဲ့တာဂုဏ်ယူစရာမှတ်တမ်းကောင်းတစ်ရပ်ပါ။ ဒီတင်းနစ်ကွင်းထဲမှာ တင်းနစ်လောကရဲ့ဂန္ထဝင်တွေအများကြီးယှဉ်ပြိုင်ကစားခဲ့ဖူးတယ်။ ဂန္ထဝင်တွေနဲ့ဆုဖလားရဖူးတဲ့နာမည်စာရင်းတွေကြားမှာ ပါဝင်ခွင့်ရခဲ့လို့ ဂုဏ်ယူပါတယ်။ ကျွန်တော် မြက်ကွင်းပြိုင်ပွဲတွေမှာ ကောင်းကောင်းမကစားနိုင်ခဲ့ပါဘူး။ အခု မြက်ကွင်းမှာ ဘယ်လိုကစားရမလဲဆိုတာ သဘောပေါက်လာခဲ့ပါတယ်။ မြက်ကွင်းမှာကစားရတာကိုလဲ အသားကျလာသလို ခံစားရပါတယ်။ ကျွန်တော့်ကိုအားပေးခဲ့တဲ့ ပရိသတ်တွေကိုလဲကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် မြက်ကွင်းတွင်ကျင်းပသည့် ပြိုင်ပွဲများတွင် သုံးကြိမ်သာပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး သုံးကြိမ်မြောက်တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ဗိုလ်လုပွဲစဉ်တွင် နာမည်ကြီးကစားသမား ဒီမီနော့ကို သက်တောင့်သက်သာကစားနိုင်ခဲ့ပြီး ဝင်ဘယ်ဒန်အတွက် အဆင်သင့်ဖြစ်နေကြောင်း ပြသနိုင်ခဲ့သည်။

AZL

# ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ပြည်ပကစားသမားဆုကို ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး မက်ဆီရရှိ



**ပဲရစ် ဇွန် ၂၆**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံး ပြည်ပကစားသမားဆုကို ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး မက်ဆီက ဆွတ်ခူးနိုင်ခဲ့သည်ဟု L'Equipe သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆နှစ်ရှိ မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁ခုနှစ် ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့် ပထမဆုံးဘောလုံးရာသီက အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ဒုတိယမြောက်ဘောလုံးရာသီဖြစ်သည့် ၂၀၂၂-၂၀၂၃ဘောလုံးရာသီတွင် အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့် ပြင်သစ်လီဂူးပြိုင်ပွဲ၌ ၃၂ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး သွင်းဂိုးနှင့်ဂိုးဖန်တီးမှု ၁၀ ကြိမ်စီနှင့်အထက်ပြုလုပ်နိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံး ပြည်ပကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် လာမည့် ဇူလိုင် ၁ ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာကာ မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည့်အတွက် လက်ရှိတွင် ပီအက်စ်ဂျီအသင်းက အသင်းမှကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့ပြီး ဇူလိုင် ၁ရက်နောက်ပိုင်းတွင် အင်တာမီယာမီအသင်းနှင့် သွားရောက်ပူးပေါင်းမည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ပီအက်စ်ဂျီအသင်းနှင့် ၂၉ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီက လေးနှစ်ဆက်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ STA

# အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့်ဥပဒေများ (၈)

ပုထုဇဉ်လူသားတိုင်းသည် ကြီးပွားချမ်းသာလိုသော စိတ်ဆန္ဒရှိကြသည်။ စီးပွားရေး၊ ကြီးပွားရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အလုပ်လုပ်ကိုင်ကြသည်။ သမ္မာအာဇီဝ ကောင်းသောအသက်မွေးမြူသူများရှိသည်။ မကောင်းသော ဒုစရိုက်လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာရေးအတွက် စီးပွားရေးကိုဖြတ်လမ်းလိုက်သူများရှိသည်။ စီးပွားရေးဖြတ်လမ်းလိုက်သူများသည် မိမိရယူလိုသောဆန္ဒတစ်ခုအတွက် လိမ်လည်မှု၊ လှည့်ဖြားမှု၊ သွေးဆောင်မှုများဖြင့် ကတိပဋိညာဉ် အမျိုးမျိုးပေးကာ ကုန်ပစ္စည်းရယူခြင်း၊ ငွေကြေးချေးငှားခြင်း ပြုလုပ်ကြသည်။ ထိုသို့ ကုန်ပစ္စည်းရယူသော်လည်း ကုန်ပစ္စည်းဖိုးကို ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ချက်မရှိဘဲ ယူခြင်း၊ ငွေကြေးချေးငှားစဉ်က ပြန်လည်ပေးဆပ်ရန်ရည်ရွယ်ချက်မရှိဘဲ ပြန်လည်ပေးဆပ်ပါမည်ဟု ယုံကြည်အောင် လိမ်လည်လှည့်ဖြားသွေးဆောင်ကာ ပစ္စည်း သို့မဟုတ် ငွေကြေးရယူခြင်းသည် လိမ်လည်လှည့်ဖြားခြင်း ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကို လိမ်လည်လှည့်ဖြားသွေးဆောင်ခြင်းကြောင့် သာမန်မိမိပြုလုပ်မည်မဟုတ်သောအရာကို ပြုလုပ်မည်။ ပျက်ကွက်မည်မဟုတ်သောအရာကို ပျက်ကွက်မည်။ ထိုသို့ လိမ်လည်လှည့်ဖြားခြင်းခံရသူ၏ပြုလုပ်မှုသည် လိမ်လည်လှည့်ဖြားခြင်းခံရသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်း၊ အန္တရာယ်ဖြစ်စေခြင်းတို့ တစ်ခုခုဖြစ်စေလျှင် ထိုသို့ ဖြစ်စေနိုင်မည်ကိုသိလျှင် လိမ်လည်လှည့်ဖြားသွေးဆောင်သူသည် လိမ်လည်မှုကျူးလွန်ခြင်းဖြစ်သည်။

၁၉၇၂ ခုနှစ် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ဦးသက်ဖေ၊ တရားသူကြီး ဦးလှဝင်းနှင့် တရားသူကြီး ဦးတင်အုံး သုံးဦးထိုင် တရားသူကြီးများ စီရင်သည့် မောင်သန်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (မခင်နှင်းရီ) ၁၉၇၁ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်၂၉(ခ) အမှုသည် စိတ်ဝင်စားဖွယ်ရာ အထူးကောင်းမွန်သည်။

မောင်သန်းထွန်းက မခင်နှင်းရီအား အတည်တကျ လက်ထပ်ပေါင်းသင်းမည်ဟု ပြောသည်ကို မခင်နှင်းရီက ယုံကြည်သဖြင့် ၎င်း၏ကိုယ်ကို ပုံ၍အပ်ခဲ့ပြီးနောက်ပိုင်းတွင် ကိုယ်ဝန်ရှိလာသောအခါ မောင်သန်းထွန်းက လက်ထပ်ရန် ငြင်းဆိုသဖြင့် မခင်နှင်းရီက မောင်သန်းထွန်းအပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

တရားသူကြီးဦးသက်ဖေက အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ လိမ်လည်မှုမြောက်နိုင်သည်၊ မမြောက်နိုင်သည်ဆိုသောပြဿနာ ပေါ်ပေါက်ခဲ့သည်။

ပြည်ထောင်စုနှင့် ကိုကျင်ဇုက် (၁၉၆၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၄၆) တို့အမှု၌ အမျိုးသားက အမျိုးသမီးကို လက်ထပ်ပါမည်ဟု အယုံသွင်းပြီး ကာမရယူသဖြင့် အမျိုးသမီး၌ ကိုယ်ဝန်ရှိလာသောအခါ လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီး ပုဒ်မ- ၄၁၅ ၏ ဒုတိယပိုင်းအရ လိမ်လည်မှုမြောက်နိုင်သည်ဟု ယူဆခဲ့သည်။ သို့ရာတွင် မောင်ကြည်ဝင်းနှင့် ပြည်ထောင်စု(တရားရုံးချုပ်၏ ၁၉၇၀ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်- ၃၃ (ခ) (မန္တလေးရုံးထိုင်)တို့အမှု၌ ထိုကဲ့သို့ ငြင်းဆိုခြင်းသည် ရာဇဝတ်ပြစ်မှု ကျူးလွန်ရာမရောက်၊ နစ်နာသူက တရားမကြောင်းဖြင့်သာ အရေးဆိုရန် အခွင့်အရေးရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက်များမှာ နှစ်ဦးထိုင်ခုံရုံး(ခ)မှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များဖြစ်ရာ အဆိုပါပြဿနာ၏ အခြေအနေအပေါ် ဝိဝါဒကွဲပြားမှုမရှိရအောင် စုံညီခုံရုံးဖြင့် ကြားနာစစ်ဆေးရန် တင်ပြခဲ့သည်။

ဤအမှုတွင် ပေါ်ပေါက်နေသည့် ပြဿနာမှာ အများပြည်သူတို့နှင့်စပ်ဆိုင်သည်သာမက စိတ်ဝင်စားစရာ ဥပဒေပြဿနာတစ်ရပ်ဖြစ်သည့်အလျောက် နိုင်ငံတော်ရှေ့နေချုပ်အဖြစ် ဥပဒေပညာရှင် ဒေါက်တာ ဗမောင်နှင့်ဦးကျော်မြင့်တို့ကို ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ကြရန် မေတ္တာရပ်ခံခဲ့သည်။

လျှောက်ထားသူ(မောင်သန်းထွန်း)၏ ရှေ့နေကြီး ဦးကံမြိုင်က လက်ထပ်မည်ဟုကတိပြုပြီး ပေါင်းသင်းလာသည့်နောက်ပိုင်းတွင် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ကတိပျက်ကွက်ခြင်းသာဖြစ်၍ ရာဇဝတ်မှုကျူးလွန်ရာမရောက်ပါ။ အကယ်၍ ရာဇဝတ်မှုမြောက်သည်ဟုဆိုလျှင်လည်း ပဋိသန္ဓေရရှိသည့်ကိစ္စနှင့် ပဋိသန္ဓေမရသည့်ကိစ္စတို့ကိုခွဲခြား၍ စဉ်းစားသင့်သည်။ အမျိုးသမီး၌ ပဋိသန္ဓေမရှိလျှင် ၎င်းကိုနစ်နာစေသည်ဟု ဆိုနိုင်မည်မဟုတ်၍ ရာဇသတ်ကြီးပုဒ်မ- ၄၁၅ နှင့် အကျုံးဝင်မည်မဟုတ်ပါဟု တင်ပြသွားသည်။

❖ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ-၄၁၇ အရ လိမ်လည်မှုမြောက်ကြောင်း ထင်ရှားပေါ်ပေါက်၍ အပြစ်ပေးခြင်းခံရလျှင် ထောင်ဒဏ်တစ်နှစ်သာရှိသဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ်မမျှ၍ သုံးနှစ်သို့ အပြစ်ဒဏ်တိုးမြှင့်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ သို့ရာတွင် ထောင်ဒဏ် ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး အပြစ်ပေးနိုင်သည့် ရာဇသတ်ကြီးပုဒ်မ-၄၉၃ အရ တရားစွဲဆိုသည်များရှိသည်။ ❖

ဒေါက်တာဗမောင်က အမျိုးသားသည် အမျိုးသမီး၏ ကာမရယူစဉ်အချိန်က လှည့်ဖြားခြင်း ရှိ၊ မရှိဆိုသော အကြောင်းခြင်းရာအပေါ် ရာဇဝတ်မှုကျူးလွန်ခဲ့ပါသလားဆိုသည့် ပြဿနာကို ဆုံးဖြတ်ရပါမည်။ လှည့်ဖြားခြင်းရှိကြောင်းပေါ်ပေါက်လျှင် ရာဇသတ်ကြီးပုဒ်မ- ၄၁၅ ၏ ဒုတိယပိုင်းနှင့် အကျုံးဝင်နိုင်သည်။ အမျိုးသမီး၌ ပဋိသန္ဓေ ရှိသည်၊ မရှိသည်ကို စဉ်းစားရန်မလိုပါ။ လှည့်ဖြားခြင်းခံရသဖြင့် ကာမကို ပေးခဲ့ရခြင်းဖြစ်လျှင် ပဋိသန္ဓေမရှိသော်လည်း အမျိုးသမီးကို နစ်နာစေရာရောက်သည်ဟု တင်ပြသွားသည်။

ရှေ့နေချုပ်ကိုယ်စား အစိုးရရှေ့နေ ဒေါက်တာ မျိုးလင်းထွန်းက ရာဇသတ်ကြီးပုဒ်မ- ၄၁၅ နှင့် ၄၁၇ တို့သည် ပစ္စည်းနှင့်ပတ်သက်သည့် ပြစ်မှုများ ပြဋ္ဌာန်းထားသည့် ရာဇသတ်ကြီးအခန်း (၁၇) တွင် ပါဝင်နေသည်။ ရာဇသတ်ကြီးပုဒ်မ- ၄၁၅ ၏ ဥပမာများတွင်လည်း ပစ္စည်းနှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားသည့်ကိစ္စများကိုသာ ဖော်ပြထားသဖြင့် လှည့်ဖြား၍ အမျိုးသမီး၏ကာမကိုရယူခြင်းကြောင့် အမျိုးသားသည် ရာဇဝတ်မှုကျူးလွန်ရာမရောက်ပါဟု တင်ပြသွားသည်။

လိမ်လည်လှည့်ဖြားမှုကို ရာဇသတ်ကြီးပုဒ်မ- ၄၁၅ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားရာတွင် ယခုပေါ်ပေါက်နေသည့် ပြဿနာသည် ထိုပုဒ်မ၏ ဒုတိယပိုင်းနှင့်သက်ဆိုင်သည်။ ၎င်းဒုတိယပိုင်းမှာ ဤသို့ဖြစ်သည်။

"တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခြင်းခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံခဲ့ရသော် မိမိပြုမည်မဟုတ်သော သို့တည်းမဟုတ် မိမိပျက်ကွက်မည်မဟုတ်သောအရာကို ပြုစေရန်သော်လည်းကောင်း၊ မပြုဘဲ ပျက်ကွက်စေရန်သော်လည်းကောင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင်သွေးဆောင်လျှင် ထိုပြင် ထိုပြုလုပ်မှုက သို့တည်းမဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်းသော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်း ဖြစ်စေလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏"

အထက်ပါအပိုင်းနှင့်အကျုံးဝင်ရန်-

(က) တရားခံက တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း
(ခ) လှည့်ဖြားခြင်းခံရသူက အရာတစ်ခုကို ပြုခြင်း သို့တည်းမဟုတ် မပြုရန် ပျက်ကွက်ခြင်း
(ဂ) လှည့်ဖြားခြင်းမခံခဲ့ရသော် ထိုသူသည် ထိုအရာကို ပြုလုပ်မည် မဟုတ်ခြင်း သို့မဟုတ် ပြုလုပ်ရန် ပျက်ကွက်မည် မဟုတ်ခြင်း
(ဃ) တရားခံက ထိုသူအား တမင်သွေးဆောင်ခြင်းနှင့်
(င) ထိုသူ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ၎င်း၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်း စသည့်အင်္ဂါရပ်များရှိရန် လိုပေသည်။

အင်္ဂါရပ်(င)တွင် ပစ္စည်းကိုသာမက ကိုယ်၊ စိတ်၊ ဂုဏ်သရေတစ်ခုခုကိုပျက်စီးနစ်နာစေလျှင်၊ အန္တရာယ်ဖြစ်စေလျှင် လိမ်လည်မှုမြောက်သည်ဟုဆိုထားသဖြင့် လိမ်လည်မှုသည် ပစ္စည်းနှင့်ပတ်သက်သောကိစ္စသာလျှင် အကျုံးဝင်သည်ဆိုခြင်းကို လက်ခံရန် မဖြစ်နိုင်ပေ။

ရာဇသတ်ကြီးပုဒ်မ- ၄၁၅ အရ လိမ်လည်မှုမြောက်သည်၊ မမြောက်သည်ဆိုသောပြဿနာကို ဆုံးဖြတ်ရာတွင် အထက်၌ဖော်ပြခဲ့သည့် အင်္ဂါရပ်နှင့်ပြည့်စုံရန်လိုပေသည်။ ထိုအင်္ဂါရပ်နှင့်ပြည့်စုံခြင်း ရှိ၊ မရှိဆိုသော ပြဿနာကိုမူ အမှုကိုလိုက်၍ အကြောင်းခြင်းရာအပေါ် အခြေပြုပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ရှိသည့်ကိစ္စ၊ မရှိသည့်ကိစ္စဟူ၍ ခွဲခြားထားရန်လည်း အကြောင်းမရှိဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ နစ်နာခြင်းခံရပြီးဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိခြင်းကြောင့်ပင် ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် ပြည်ထောင်စုနှင့် ကိုကျင်ဇုက်တို့အမှုတွင် ယူဆခဲ့သည့်အတိုင်း အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ လိမ်လည်မှုမြောက်နိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။ တကယ်ပြစ်မှုမြောက်သည်၊ မမြောက်သည်ကိုမူ အထက်၌ဖော်ပြခဲ့သည့်အတိုင်း အကြောင်းခြင်းရာအပေါ်သုံးသပ်၍ ဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်ဟု တရားသူကြီး ဦးသက်ဖေ ပါဝင်သည့် သုံးဦးထိုင်စုံညီခုံရုံးက ကြားနာဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ-၄၁၇ အရ လိမ်လည်မှုမြောက်ကြောင်း ထင်ရှားပေါ်ပေါက်၍ အပြစ်ပေးခြင်းခံရလျှင် ထောင်ဒဏ်တစ်နှစ်သာရှိသဖြင့် ပြစ်မှုနှင့်ပြစ်ဒဏ်မမျှ၍ သုံးနှစ်သို့ အပြစ်ဒဏ်တိုးမြှင့် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ သို့ရာတွင် ထောင်ဒဏ် ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြစ်ပေးနိုင်သည့် ရာဇသတ်ကြီးပုဒ်မ- ၄၉၃ အရ တရားစွဲဆိုသည်များရှိသည်။

ဆင်ပေါင်ဝဲမြို့နယ် မြောက်မီးကုန်းရွာနေ မသေးသေးက မိမိနှင့်တစ်ရွာတည်းနေ မောင်ကျော်ဝင်းတို့သည် ချစ်ကြိုက်ကြပြီး မောင်ကျော်ဝင်းက အတည်တကျပေါင်းသင်းပါမည်ဟုပြောသည်ကို မိမိက ယုံကြည်သဖြင့် ကာမစပ်ယှက်မိခဲ့ကြောင်း၊ ထို့နောက် မိမိတွင် ကိုယ်ဝန်ရှိလာသောအခါ မောင်ကျော်ဝင်းသည် လက်ထပ်ထိမ်းမြားခြင်းမပြုဘဲ ရှောင်တိမ်းနေကြောင်း၊ ထို့ကြောင့် မောင်ကျော်ဝင်းအပေါ် ဥပဒေအရ အရေးယူပေးပါရန် တရားရုံးသို့တိုင်လျှောက်ခဲ့သည်။ မြို့နယ်တရားရုံးက တရားလိုပြသက်သေများကိုစစ်ဆေးပြီး မောင်ကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ- ၄၉၃ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန် မောင်ကျော်ဝင်းက မကွေးတိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။ ဗဟိုတရားရုံးက "အတည်တကျ လက်ထပ်ပေါင်းသင်းပါမည်ဟု လိမ်လည်လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၁၇ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။ မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသောမိန်းမကို မိမိနှင့်တရားသဖြင့်ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ကာမစပ်ယှက်မှုသာလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၄၉၃ အရ ပြစ်မှုမြောက်ပေမည်"ဟု မောင်ကျော်ဝင်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၆ ခုနှစ်၊ မတစ-စာ ၉) အမှုတွင် ဆုံးဖြတ်ထားသည်။

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်းသည် ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ လိမ်လည်မှုမြောက်မည်။ အကယ်၍ အတည်တကျ လက်ထပ်ပေါင်းသင်းယူပါမည်ဟုပြောဆိုသည်ကို ယုံကြည်မှုမရှိဘဲ ကာမပေးအပ်ခြင်းသည် ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ ပြစ်မှုမြောက်မည်မဟုတ်ချေ။

ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ စွဲဆိုသောအမှုများတွင် အမှုဖန်တီးစွဲဆိုသည်များရှိသည်ကို လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ရန် လိုအပ်ပေသည်။ ရာဇသတ်ကြီးပုဒ်မ- ၄၁၇ အရ ပြစ်ဒဏ်သည် ပြစ်မှုနှင့် ပြစ်ဒဏ် ညီမျှမှုမရှိသဖြင့် အပြစ်ဒဏ်တိုးမြှင့် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ- ၄၁၇ နှင့် ၄၉၃ တို့သည် အမျိုးသမီးများအပေါ် ကာမလိမ်လည်ရယူခြင်းမခံရလေအောင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးထားသော ဥပဒေများဖြစ်သည်ဟု စေတနာရှေ့ထား ရေးသား တင်ပြအပ်ပါသည်။

ရှေ့နေ-ဦးဝင်းကြည်(စဉ့်ကိုင်)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီများအတွင်း ရေဝပ်ရေလျှံခဲ့သည့်နေရာများကို မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေ



**ညောင်ဦး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီများအတွင်း ရေဝပ်ရေလျှံခဲ့သည့် နေရာများကို မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီ ၁၅ ဆူအတွင်း ရေဝပ်ရေလျှံခဲ့သည့်နေရာများ၊ ရေဝပ်သည့်မြေနိမ့်နေရာများ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်နေကြောင်း သိရသည်။

"ရေဝပ်ရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တဲ့ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီတွေကို အဖွဲ့စုံပေါင်းပြီးတော့ ကွင်းဆင်းစစ်ဆေးမှုတွေကို ဇွန် ၂၄ ရက်က စတင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိကကတော့ အာနန္ဒာဘုရားနဲ့ ဓမ္မရံကြီးဘုရားတို့ဖြစ်ပါတယ်။ တွေ့ရှိချက်တွေပေါ် မူတည်ပြီးတော့ နောင်တစ်ချိန် မိုးသည်းထန်တဲ့အခါ ရေဝပ်၊ ရေလျှံတာတွေ ထပ်မံမဖြစ်ပေါ်ဖို့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးကျော်မျိုးဝင်းက ပြောပြသည်။


အာနန္ဒာဘုရားတွင် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ ဘေးပတ်ဝန်းကျင်မှ ရေများဝင်ရောက်ခြင်းမဟုတ်ဘဲ ဘုရားပစ္စယာများတွင်ရှိသည့် ရေထုတ်ပြွန်များမှ ကျဆင်းသည့် မိုးရေများသာဖြစ်ကြောင်း၊ ဓမ္မရံကြီးဘုရားတွင်လည်း ဘုရားအနောက်တောင်ထောင့်မှ ရေများသည် အနောက်ဘက်ဝင်ပေါက်မှတစ်ဆင့် အပြင်သို့စီးဆင်းခြင်း၊ မဟာရံတံတိုင်း မူလရေထွက်ပေါက်များမရှိခြင်းတို့ကြောင့် ရေဝပ်ခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ အာနန္ဒာဘုရားနှင့် ဓမ္မရံကြီးဘုရားတို့တွင် ရေဝပ်ခြင်း၊ ရေလျှံခြင်းများ ထပ်မံမဖြစ်ပေါ်စေရေး ဆောင်ရွက်သင့်သည့် အစီအမံများ၊ မြေပြင်အခြေအနေအရ မြေနိမ့်နေမှုများကို ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# သရုပ်ဆောင် နေဆန်းမိသားစုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အိမ်ထောင်စု ၅၅၀ ကို သုံးပြည်ဝင်ဆန်အိတ်များ လှူဒါန်း

**ရန်ကုန် ဇွန် ၂၆**

သရုပ်ဆောင်နေဆန်းမိသားစုက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အိမ်ထောင်စု ၅၅၀ အား သုံးပြည်ဝင်ဆန်အိတ်များကို ဇွန် ၂၅ ရက်က လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင်နေဆန်းမိသားစုက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဇောတိဝိဇ္ဇာကျောင်း၊ မြင်သာဝိပဿနာကျောင်းတိုက်နှင့် နန္ဒိယာရာမ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်တို့မှ ပဓာနနာယကဆရာတော်ကြီးများအား နဝကမ္မအလှူငွေများလှူဒါန်းခြင်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်(၅၇) ရပ်ကွက်ရှိ ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စု ၅၅၀ ကို တစ်အိမ်ထောင်စုလျှင် သုံးပြည်ဝင်ဆန်အိတ်တစ်အိတ်စီလှူဒါန်းခဲ့ပြီး စုစုပေါင်း ဆန်အိတ် ၅၅၀ လှူဒါန်းခြင်းတို့ကိုပြုလုပ်ခဲ့ကြောင်း သိရသည်။



"ကျွန်တော့်အမျိုးသမီးရဲ့ မွေးနေ့အလှူအနေနဲ့ ရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးစာသင်ကျောင်းက သံဃာတော်တွေကို ချစ်တီးထမင်းနဲ့ ကြက်သားဟင်းကို နေ့ဆွမ်းဆက်ကပ်ပြီးတော့ စာသင်ကျောင်းက ကျောင်းသားတွေကို နေ့လယ်စာ ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ ညနေပိုင်းမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇) ရပ်ကွက်မှာ တစ်အိမ်ထောင်စုကို ဆန်သုံးပြည်အိတ်တစ်အိတ်နှုန်းနဲ့ ဆန်အိတ် ၅၅၀ လှူဒါန်းခဲ့ပါတယ်။ လှူဒါန်းမှုစုစုပေါင်းကတော့ ငွေကျပ်သိန်း ၅၀ လောက်ဖြစ်ပါတယ်" ဟု သရုပ်ဆောင် နေဆန်းက ပြောပြ၍ သိရသည်။

ASH

# မကွေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မကွေး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ရှားဇောင်းကန်ကျေးရွာအုပ်စု သံဘိုရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိသဥ္ဇာဖူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူးက စီမံကိန်းလက်စွဲပါ ကော်မတီအဖွဲ့ဝင်များရွေးချယ်ရာတွင် လိုက်နာရန် သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏တာဝန်များနှင့် ရန်ပုံငွေထုတ်ချေးရာတွင် အကျုံးဝင်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျော့ကျရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိသဥ္ဇာဖူးထံမှ သိရသည်။ **အိမိုးမိုး**

# Rey's New Jedi Order ဇာတ်ကား ၂၀၂၆ ခုနှစ် မေလတွင် ရုံတင်ပြသဖွယ်ရှိ

**နယူးယောက် ဇွန် ၂၆**

လူးကပ်ရုပ်ရှင်ကုမ္ပဏီအနေဖြင့် Rey's New Jedi Order ဇာတ်ကားကို ၂၀၂၆ ခုနှစ် မေလတွင် ရုံတင်ပြသဖွယ်ရှိကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

လူးကပ်ရုပ်ရှင်ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်အတွင်း Star Wars ဇာတ်ကားသစ်နှစ်ကားကို ရုံတင်ပြသရန်စီစဉ်ထားပြီး အဆိုပါ Star Wars ဇာတ်ကားနှစ်ကားမှာ Rey's New Jedi Order ဇာတ်ကားနှင့် ဒါရိုက်တာ ဂျိမ်းမင်ဂိုး၏ Dawn of the Jedi ဇာတ်ကားတို့ဖြစ်သည်။

လူးကပ်ရုပ်ရှင်ကုမ္ပဏီအနေဖြင့် အထက်ပါဇာတ်ကားနှစ်ကားအနက် Rey's New Jedi Order ဇာတ်ကားကို ပထမဆုံးရုံတင်နိုင်ဖွယ်ရှိကြောင်း Production Weekly ဝက်ဘ်ဆိုက်၏အဆိုအရ သိရသည်။

Rey's New Jedi Order အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဗင်နိုက်က ရေးသားပေးမည်ဖြစ်ပြီး ဒါရိုက်တာ ရှားမင်းအိုဘိုက်ချီနွိုင်းက ရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသမီး ဒေစီရစ်ဒလေက အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

KKO



# တိုအာမီနာနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ မင်းသမီး အမ်းဘားဟတ် တက်ရောက်ခဲ့

**ရောမ ဇွန် ၂၆**

အီတလီနိုင်ငံ တိုအာမီနာနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ဟောလိဝုဒ်မင်းသမီး အမ်းဘားဟတ်သည် ဇွန် ၂၄ ရက်တွင် တက်ရောက်ခဲ့ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

တိုအာမီနာနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အမ်းဘားဟတ် ပါဝင်သရုပ်ဆောင်ထားသည့် In the Fire ဇာတ်ကားကို ပွဲဦးထွက်ပြသမည်ဖြစ်သည်။

မင်းသမီး အမ်းဘားဟတ်သည် ခင်ပွန်းဟောင်း မင်းသား ဂျွန်နီဒပ်နှင့် အမှုအခင်းဖြစ်ပွားပြီးနောက် ပြီးခဲ့သည့်နှစ်အတွင်း သိုသိုသိပ်သိပ်နေထိုင်ခဲ့ပြီး အခမ်းအနားများကိုတတ်နိုင်သရွေ့ ရှောင်ရှားခဲ့သည်။

In the Fire ဇာတ်ကားသည် ခင်ပွန်းဟောင်းနှင့်ဖြစ်ပွားခဲ့သော အသရေဖျက်မှုတွင် ဥပဒေကြောင်းအရ အရေးနိမ့်ခဲ့ရပြီးနောက် မင်းသမီး အမ်းဘားဟတ် ပထမဆုံးပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားဖြစ်သည်။

တိုအာမီနာနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အီတလီနိုင်ငံ၌ ဇွန် ၂၃ ရက်မှ ဇူလိုင် ၁ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ပွဲတော်သို့ မင်းသမီး အမ်းဘားဟတ်နှင့်အတူ In the Fire ဒါရိုက်တာ ကွန်နောအယ်လင်းလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

KKO



# Myanmar businesspersons to attend 2023 Macao International Environment Cooperation Forum and Exhibition (2023 MIECF)



A previous International Environmental Cooperation Forum and Exhibition in progress.

**Yangon June 26**

Myanmar businesspersons decided to join the 2023 Macao International Environment Cooperation Forum and Exhibition (2023 MIECF) to be hosted in Macao Special Autonomous Region, said CEC member Dr Aung Win of UMFCCI.

Some 30 Myanmar entrepreneurs will attend the exhibition to be held in Venetian of Macao from 17 to 20 August through hybrid system.

"Myanmar businesspersons from cooperative and natural environmental arenas will attend the exhibition. Authorities of the exhibition will allow 18 square metres plot for government organizations, businesspersons and environmental organizations as special booth or standard booth without any charges. Attendees will be allowed to stay at the relevant hotels from 16 to 20 August free of charge," he continued.

Such forum and exhibition will be attended by international businesspersons, those from cooperative, education and environmental arenas, business partnership and technical experts.

ASH

# Barack Obama: Row in India over former US president's remarks on Muslim rights

**Washington June 26**

Leaders of India's governing party have criticised former US President Barack Obama for his recent remarks on Muslims in the country.

Mr Obama said in an interview last week that India may "start pulling apart" if the rights of minorities weren't protected.

He was responding to a question on how President Joe Biden should engage with "illiberal democrats".

Indian Prime Minister Narendra Modi was in the US on a state visit at the time.

The three-day visit was marked by a ceremonial welcome to the White House, a lavish state dinner and the signing of several crucial deals. Mr Modi also addressed a joint session of the US Congress.

Mr Obama's remarks, made in an interview with CNN's Christiane Amanpour which was aired before the Congress address, were widely reported in India.

Ms Amanpour referred to the "threat to democracy" from so-called "illiberal democrats" before referring to Mr Modi as one.

"How should a president engage with those kinds of leaders, either in the naming of them or in the dealing with them?" she asked.

BBC

# Kayin State Government to provide MSME loans to rubber entrepreneurs

**Hpa-an June 26**

The Kayin State government has announced its plan to disburse loans to rubber entrepreneurs in the state through the Micro-, Small-, and Medium-sized Enterprises (MSME) fund, according to U Aung Ko Ko, the Deputy Director of the Kayin State government.

The loans from the MSME fund will be made available to rubber producers across all townships in Kayin State at a favorable interest rate. The objective of this initiative is to promote the growth of MSME businesses in the region, focusing on the development of rubber-based products. The government aims to provide loans to business owners at a low interest rate while also offering assistance in terms of techniques, capital, and other support to enable rubber producers to export value-added products to the market.

Currently, there are over 260,000 acres of land dedicated to rubber plantations in Kayin State. Approximately 80 percent of the cultivated land is capable of yielding latex, allowing for the production of 1,000 tons of rubber latex per day. The produced rubber is primarily supplied to the domestic market.



Rubber trees grow in rows.

Myanmar exports 75 per cent of its total rubber production to countries such as China, Malaysia, Indonesia, Singapore, Korea, India, and Japan via shipping. Rubber plantations span across more than 1.64 million acres nationwide, with prominent locations including Mon State, Taninthayi Region, Yangon, Bago regions, and Kayin State.

ASH

# New images show Chinese spy balloons over Asia

**Washington June 26**

New evidence of China's spy balloon programme - including flights over Japan and Taiwan - has been uncovered by BBC Panorama.

Japan has confirmed balloons have flown over its territory and said it's prepared to shoot them down in future.

China has not directly addressed the evidence presented by the BBC.

US-China relations were thrown into turmoil earlier this year, when an alleged Chinese spy balloon was shot down off the US coast.


China claimed the balloon seen over north-western US in late January was a civilian airship, used for scientific research such as meteorology - and that it was an unintended and isolated event.

John Culver - a former East Asia analyst for the CIA - told Panorama that this "had been not just a one-off, but a continuing effort dating back at least five years." He said the Chinese balloons were "specially designed for these long-range missions" and some had "apparently circumnavigated the globe".

Working with Synthetaic, an artificial intelligence company which sifted through huge amounts of data captured by satellites, the BBC has found multiple images of balloons crossing East Asia.

The company's founder, Corey Jaskolski, found evidence of one balloon crossing northern Japan in early September 2021. These images have not been published before.

BBC



February 2023: US Navy personnel recover the debris from a suspected spy balloon in the North Atlantic.

# India, Myanmar emphasize enhancement of hotels and tourism industries

**Yangon June 26**

The India-Myanmar Chamber of Commerce held a meeting on enhancement of hotels and tourism sector between the two countries, according to the UMFCCI on 25 June.

IMCC is an organization striving for enhancement of bilateral cooperation in trade, investment and economy between Myanmar and India.


The meeting aims to develop hotels and resort services, airlines, restaurants, logistics and tourism industry between the two countries to create job opportunities for both peoples.

IMCC will cooperate with departments from relevant ministries in hotels and tourism sector, internal and international organizations and associations.

Union Minister for Hotels and Tourism U Aung Thaw, Indian Ambassador to Myanmar Mr Shri Vinay Kumar, UMCC President Mr Naresh Kumar Dinodiya, Vice President Mr Rajeev Rawal and officials from IMCC and officials of UMFCCI discussed enhancement of hotels and tourism sector between the two countries.

336

# Number of foreign tourists resurge to watch netting fish with help of Irrawaddy dolphins



Foreign tourists in a boat observe Irrawaddy dolphins.

**Mandalay June 26**

Number of foreign travellers who wish to watch netting fish with the help of Irrawaddy dolphins resurge along Ayeyawady River between Kyaukmyaung and Mandalay, said U Maung Maung Lay, leader of Irrawaddy dolphin conservation body.

Those foreign tourists arrive at the site between Mandalay-Kyaungmyaung section in the last week of June to watch the dolphins which help fishermen capture fish with the use of fishing net in Ayeyawady river.

"Those foreign travellers wish to enjoy traditional fishing process with the help of Irrawaddy dolphins," he continued.

More than 50 foreign travellers per day arrived at the section between Mandalay and Kyaukmyaung for watching fish-netting process with the help of Irrawaddy dolphins in the first week of June, compared with more than 100 tourists per day at present. These flocks of dolphins inhabit near Mingun at the high water level of Ayeyawady river.

According to the population census of the dolphins, there were 28 Irrawaddy dolphins between Mandalay and Kyaukmyaung, 37 between Htigyaing-Katha-Shwegu section from Kanbalu to Shwebu and 14 in Bhamo, totalling 79 from 10 to 20 February this year. 184

# Ships carry up to 1,000 bags of butter beans from Maubin to Yangon daily

**Maubin June 26**

Up to 1,000 bags of butter beans are being sent to Yangon from Maubin Township, Maubin District, Ayeyawady Region daily, said Daw Su Su Hlaing, the owner of an agricultural products sale center in Maubin Township.

In Maubin Township, only 400 bags of butter beans were sold per day in April and May, and from June 1 till today, up to 1,000 bags of butter beans are sold.

High demand for sale of butter beans is due to the fact that there is less stock coming into Yangon from other areas.

Owners of agricultural products sale centers in Maubin Township buy beans produced in the region and sell them to Yangon, and through Yangon, they export them to foreign countries such as India, China, and Thailand. Butter beans are cultivated in townships in Ayeyawady Region such as Pathein, Yekyi, Hinthada, Maubin, Kyaiklat and Wakema. KKL



Bags of butter bean being loaded onto a truck.

# Production, services, trade of cooperative societies expect more than K750 billion in 2023-24 FY

**Nay Pyi Taw June 26**

The Ministry of Cooperatives and Rural Development stated that arrangements are being made to enable cooperative societies to earn K750 billion from manufacturing, services and trading in 2023-24 financial year.

The Cooperative Department is carrying out formation of cooperative societies, disbursement of microfinances, sale of agricultural machinery in installment to farmers, farmland preparation services, distribution of inputs, upgrading of service cooperative societies, and lecturing cooperative techniques.

In 2023-24 financial year, a total of 19 cooperative societies were formed in April and 18 in May and 88 cooperative societies were liquidated in May this year. Hence, up to May of 2023-24 financial year, the ministry has formed 38,709 cooperative societies across the nation.

It comprises 31,990 manufacturing cooperative societies, 3,604 cooperative societies and 3,115 trade cooperative societies.

These cooperative societies set an aim to earn K755.065 billion of incomes from trading, service and manufacturing industries in 2023-24 FY.

In this regard, these societies have earned K14.207 billion in April and K14.011 billion in May, totalling K28.218 billion.

A total of 38,760 cooperative societies in 2022-23 FY earned K737.146 billion against the target of K758.155 billion, accounting for 97.2 per cent of implementation. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Labutta residents plan to cultivate 6,700 acres of kitchen crops in this rainy season

**Labutta June 26**

A total of 6,700 acres of kitchen crops will be planted in Labutta Township, Ayeyawady Region in this rainy season, said U Myo Aung, head of the Labutta Township Agriculture Department.

The kitchen crops will be planted in the first week of July mostly in 17 villages in the township.

"The intention to plant kitchen crops is to have more business opportunities for locals. The types of kitchen crops that will be planted are a variety of crops. We are cooperating with local farmers to ensure that there is no risk of pests when growing kitchen crops and to ensure a good yield," said U Myo Aung.

The kitchen crops that will be planted in Labutta Township this year are coriander, radish, string beans, taro, roselle, cabbage, bitter gourd, cucumber, lettuce, spinach, onion and sweet potato. Up to 9,200 acres of kitchen crops were planted in the township in this winter season. KKL



A vegetable patch.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Leonardo ကုမ္ပဏီက Brimstone ဒုံးကျည်တပ်ဆင်ထားသော Falco Xplorer ဒရုန်းကို ထုတ်ဖော်ပြသ




Leonardo ကုမ္ပဏီသည် MBDA ထုတ် Brimstone တိကျပဲ့ထိန်းဒုံးကျည် တပ်ဆင်ထားသော Falco Xplorer ဒရုန်းကို မိတ်ဆက်ပြသခဲ့ကြောင်း ဇွန် ၂၂ ရက် The Defense Post တွင် ဖော်ပြထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ Paris Air Show 2023 တွင် ထုတ်ဖော်ပြသမှုသည် ယခင်က လက်နက်မဲ့ဒရုန်းပေါ်တွင် လက်နက်များ ပေါင်းစပ်ထည့်သွင်းခြင်းကို ပထမဆုံးအကြိမ် ပြသခဲ့ခြင်းလည်းဖြစ်သည်။

Leonardo ကုမ္ပဏီမှ တာဝန်ရှိသူ Luca Picollo က Falco Xplorer ဒရုန်း၏ တိုက်ခိုက်ရေးသုံးဗားရှင်းကို ရှာဖွေ-ယူကရိန်းကဲ့သို့သော ပဋိပက္ခအခြေအနေများတွင် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

၎င်းသည် ထောက်လှမ်းမှု၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် ကင်းထောက်မှု (ISR) အပါအဝင် တိုက်ခိုက်ရေးမစ်ရှင်များကို လုပ်ဆောင်ရန် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၂၄ နာရီကြာပျံသန်းနေနိုင်မည်ဖြစ်သည်။

Brimstone 3 ဒုံးကျည်တပ်ဆင်အသုံးပြုရန် ပေါင်းစပ်မှုအတွက် မြေပြင်လှုပ်ရှားမှုများအပါအဝင် လုပ်ငန်းစဉ်အားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီးဖြစ်သည်ဟု Luca Picollo က Breaking Defense သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုကျွန်ုပ်တို့ လုပ်ဆောင်ရမည့် တာဝန်မှာ ISR ဗားရှင်းကိုအသိအမှတ်ပြုလက်မှတ်ရရှိရန်နှင့် တိုက်ခိုက်ရေးဒရုန်းဗားရှင်းထုတ်လုပ်သွားနိုင်ရေးအပေါ် အာရုံစိုက် ဆောင်ရွက်ရန်သာဖြစ်ပါသည်ဟု Luca Picollo က ထည့်သွင်းပြောကြားခဲ့သည်။

၎င်းသည် မိုးကုတ်စက်ဝိုင်းလွန်မှ ပစ်မှတ်အချက်အလက်များကို စုဆောင်းနိုင်ပြီး လုံခြုံသောဂြိုဟ်တုချိတ်ဆက်မှုကို အသုံးပြု၍ အော်ပရေတာများသို့အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ ပေးပို့နိုင်ကြောင်း သိရသည်။

ထို့ပြင် ၎င်းတွင် Payload တင်ဆောင်နိုင်မှုအများဆုံးအလေးချိန် ကီလိုဂရမ် ၃၅၀ (၇၇၂ ပေါင်)ရှိပြီး အလေးချိန် ကီလိုဂရမ် ၅၀ (ပေါင် ၁၁၀) သာရှိသော Brimstone ဒုံးကျည်များကို သယ်ဆောင်ရန် လုံလောက်သည်။

Paris Air Show 2023 တွင် ပြသခဲ့သည့် Falco Xplorer ဒရုန်းတွင် Brimstone ဒုံးကျည်တစ်စင်းသာ ပါရှိသည်ကို တွေ့ရှိရသည်။

သို့သော်လည်း အဆိုပါဒရုန်းသည် ဒုံးကျည် ခြောက်စင်း သို့မဟုတ် ရှေ့ကတ် ၁၂ စင်းထိ သယ်ဆောင်နိုင်သောကြောင့် ဖောက်သည်နိုင်ငံများ၏ လိုအပ်ချက်အပေါ် မူတည်၍ Payload တပ်ဆင်နိုင်ပြီး အသစ်မွမ်းမံထားသော ဒရုန်းသည် ယူကရိန်းစစ်ဘက်အပါအဝင် လက်ရှိ Brimstone ဒုံးကျည်ပိုင်ဆိုင်ထားသည့် နိုင်ငံများမှ စိတ်ဝင်စားမှုကိုဆွဲဆောင်ရန် ရည်ရွယ်ပြသခဲ့သည်ဟု ကုမ္ပဏီအမှုဆောင်အရာရှိက ပြောကြားခဲ့သည်။

**Leonardo Unveils Falco Xplorer Drone Armed With Brimstone Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီနိုင်ငံက Franco-British Future Missile ဒုံးကျည်အစီအစဉ်တွင် ပူးပေါင်းပါဝင်မည်

အီတလီနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်နေသော Franco-British Future Cruise/Anti-Ship Weapon (FC/ASW) အနာဂတ်အစီအစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း ဇွန် ၂၃ ရက်က The Defense Post တွင် ဖော်ပြထားသည်။

အီတလီနိုင်ငံ ကာကွယ်ရေးဝန်ကြီး Guido Crosetto နှင့် ပြင်သစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sebastien Lecornu တို့ ဇွန် ၂၀ ရက်က တွေ့ဆုံမှုအတွင်း အဆိုပါ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း La Tribune သတင်းစာက ရေးသားဖော်ပြထားသည်။

နိုင်ငံသုံးနိုင်ငံစလုံးမှ အာဏာပိုင်များသည် ထိုနေ့တွင်ပင် ပဲရစ်လေကြောင်းပြပွဲအတွင်း သီးခြားတွေ့ဆုံမှုတွင် ရည်ရွယ်ချက်ပါ စာတစ်စောင်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ပြင်သစ်နိုင်ငံထုတ် နိုင်ငံပိုင်သတင်းစာက ရေးသားဖော်ပြခဲ့သည်။


ပြင်သစ်နှင့်ဗြိတိန်တို့သည် ၎င်းတို့၏ ရေတပ်များတွင် တပ်ဖြန့်အသုံးပြုနေသော Exocet နှင့် Harpoon သင်္ဘောဖျက်ဒုံးကျည်များနှင့်ဝေဟင်ပစ်လွှတ်နိုင်သော Storm Shadow/SCALP ခရူဇ်ဒုံးကျည်များနေရာတွင် အစားထိုးရန်အတွက် FC/ASW အစီအစဉ်ကို ၂၀၁၇ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၂၈ ခုနှစ်အမီ တပ်တော်ဝင်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်နေခြင်းဖြစ်သည်။ မျိုးဆက်သစ်ဒုံးကျည် ပရိုဂရမ်သည် Subsonic တစ်ဖက်ရန်သူမှ မြင်နိုင်စွမ်းနည်းပါးသော သင်္ဘောတရားနှင့် Supersonic လှုပ်ရှားစစ်ကစားနိုင်မှု မြင့်မားမှုသဘောတရားတို့အပေါ် အခြေခံ၍ ဖြည့်ဆည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအယူအဆ သဘောတရားများသည် ပြင်သစ်နှင့်ဗြိတိန် နှစ်နိုင်ငံလိုအပ်ချက်များနှင့်ကိုက်ညီပြီး မြေပြင်နှင့် ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အခိုင်အမာကာကွယ်ထားသော ပစ်မှတ်များနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ကျော်လွှားထိုးဖောက်တိုက်ပွဲဝင်နိုင်မည့် စွမ်းဆောင်ရည်များ ပိုင်ဆိုင်လာနိုင်စေပါမည်ဟု MBDA ကုမ္ပဏီက ပြီးခဲ့သည့်နှစ်ကတည်းက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

ရမ်ဂျက်စွမ်းအင်သုံး MBDA ကုမ္ပဏီထုတ် ဒုံးကျည်သည် အလေးချိန် ကီလိုဂရမ် ၈၀၀ (၁၇၆၃ ပေါင်) ခန့်ရှိမည်ဟု ခန့်မှန်းရပြီး အလေးချိန် ကီလိုဂရမ် ၂၀၀ (၄၄၁ ပေါင်)ရှိ Payload သုံးခုနှင့် ကီလိုဂရမ် ၅၀ (ပေါင် ၁၁၀) ထိပ်ဖူးနှစ်ခု သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။


ထိပ်ဖူးများသည် အဖျက်စွမ်းအားမြင့်မားကောင်းမွန်စေရန်အတွက် ပစ်မှတ်တစ်ခုတည်းကို တစ်ပြိုင်တည်းအတူတကွ တိုက်ခိုက်နိုင်သလို ပစ်မှတ်အများအပြားကို တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်ကာ lateral bay လက်နက်တပ်ဆင်သည့်အကန့်မှ ပစ်လွှတ်တိုက်ခိုက်ခြင်းမျိုးဖြစ်ပါသည်။



**Italy Joins Franco-British Future Missile Program ကိုဘာသာပြန်ဆိုထားပါသည်။**

## Rafael ကုမ္ပဏီက ဆဋ္ဌမမျိုးဆက် Sky Spear ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ကို ထုတ်ဖော်ပြသ

Rafael ကုမ္ပဏီသည် Paris Air Show 2023 တွင် ၎င်း၏ ဆဋ္ဌမမျိုးဆက် Sky Spear ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇွန် ၂၂ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။



တာဝေးပစ်ဒုံးကျည်တွင် ပစ်မှတ်အပေါ် ကြိုတင်၍ ခြေရာခံထိန်းချုပ်နိုင်ခြင်း၊ ဝေဟင်နှင့်မြေပြင်အခြေစိုက် နှောင့်ယှက်လိုင်းပြုလုပ်ခံရခြင်းတို့မှ ကာကွယ်ပေးနိုင်သည့် ရေဒီယိုလှိုင်းနှုန်းသုံး အာရုံခံကိရိယာအသစ် တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

ဒုံးကျည်သည် ယခင်၊ လက်ရှိနှင့် အနာဂတ် မျိုးဆက်လေယာဉ်များတွင် သယ်ဆောင် တိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး ၎င်း၏လှုပ်ရှားစစ်ကစားနိုင်စွမ်း ကောင်းမွန်မှုသည် တာဝေးနှင့်တာတိုပစ်မှတ်နှစ်မျိုးစလုံးကို တိုက်ပွဲဝင်နိုင်စွမ်း ရှိစေမည်ဖြစ်သည်။

Rafael ကုမ္ပဏီ၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် ဝေဟင်မှဝေဟင်ပစ်ဆိုင်ရာ ညွှန်ကြားရေးမှူးရုံးမှ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဒါရိုက်တာ Yaniv Rotem ၏ ပြောကြားချက်အပေါ် ကိုးကား၍ ဂျိန်းစ်ကာကွယ်ရေးသတင်းရင်းမြစ်က ဒုံးကျည်သည် အပြည့်အဝ တိုးတက်ထုတ်လုပ်နိုင်မှု ကနဦးအကြိုအဆင့် ရောက်ရှိနေပြီဖြစ်သည်ဟု ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် အဆိုပါဒုံးကျည်သည် နည်းပညာအသင့်ဖြစ်မှုအဆင့်တွင် နိမ့်ပါးနေသေးပြီး ကုမ္ပဏီသည် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်လာစေရန် အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် နည်းလမ်း ကြိုးဆနေကြောင်း Rotem က ပြောကြားသည်။

Rafael ကုမ္ပဏီသည် တိုက်လေယာဉ်များအတွက်သာမက ကျွန်ုပ်တို့ Spyder လေကြောင်းရန် ကာကွယ်ရေးစနစ်၏ အဓိကအစိတ်အပိုင်းများဖြစ်သည့် Python နှင့် Derby ဒုံးကျည်များမှသည် ယခုတာဝေးပစ် Sky Spear ဆဋ္ဌမမျိုးဆက်ဒုံးကျည်ထိ နောက်ဆုံးပေါ်ဒုံးကျည်များသည် ပြိုင်ဘက်ရန်သူများထက် ပိုမိုအဆင့်မြင့်ကောင်းမွန်သော စွမ်းဆောင်ရည်များကို ထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်ဟု Rafael ကုမ္ပဏီ၏လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ် (အငြိမ်းစား) Pini Yungman က ပြောကြားသည်။

**Rafael Unveils ‘Sixth-Generation’ Air-to-Air Missile ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၃၅၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မိုးပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၃၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ပဲတီစိမ်း ၄၈၄၅၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၁၇၃၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင်မှာ ဒီနှစ် ပဲတီစိမ်း ဧက ၄၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် ပဲတီစိမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် တန့်ဆည်မြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၂၃၀၁ ဧက၊ မိုးပဲတီစိမ်း ၁၁၈၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၁၂၇၂၉ ဧက၊ မိုးပဲတီစိမ်း ၁၁၄၃ ဧက စုစုပေါင်း ၁၇၃၅၈ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၂၅၂၉ ဧက၊ မိုးပဲတီစိမ်း ၁၄၇၂ ဧက၊ တန့်ဆည်မြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၁၇၈၄ ဧက၊ မိုးပဲတီစိမ်းဧက ၁၂၈၅၀၊ ဒီပဲယင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ၁၀၄၃၇ ဧက၊ မိုးပဲတီစိမ်း ၁၉၃၈၃ ဧက စုစုပေါင်း ပဲတီစိမ်း ၄၈၄၅၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွဲသင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျှော့ချစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖွဲသင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ချောက်မြို့နယ် မြေစွန်းရွာသစ်-နလင်ကန်(န)အေးရွာ ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်ရေကျော်တစ်စင်း တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောက် ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောက်မြို့နယ် မြေစွန်းရွာသစ်- နလင်ကန် (န) အေးရွာ ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်ရေကျော်တစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကွန်ကရစ်ရေကျော်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေး ပိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ချောက်မြို့နယ် မြေစွန်းရွာသစ်- နလင်ကန်(န)အေးရွာ ကျေးရွာချင်းဆက်လမ်း၌ အရှည်ပေ ၂၃၀၀၊ အကျယ်ပေ ၂၀၊ အမြင့်ကိုးလက်မရှိ ကွန်ကရစ်ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၃၈ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇွန်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်း လုပ်ငန်းများပြီးစီးပါက အနီးပတ်ဝန်းကျင်ကျေးရွာငါးရွာမှ အိမ်ခြေ ၁၃၀၀၊ လူဦးရေ ၄၅၀၀တို့၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၆-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေး ကျောက်ဖြူမြို့ တောင်ရင်းရပ်ကွက်ရှိ ကျောက်ဖြူဘိုးဘွားရိပ်သာ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဘိုး၊ အဘွားများနှင့် ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ် တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စေတီယျရပ်ကွက်ရှိ အစိုးရနည်းပညာကောလိပ်အနီးတွင် ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်များ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုသည်။ ထို့နောက် တောင်ရင်းရပ်ကွက်ရှိ ကျောက်ဖြူဘိုးဘွားရိပ်သာသို့ သွားရောက်၍ နယ်လှည့်ဆေးကုသရေး အဖွဲ့များက အဘိုး၊ အဘွားနှင့် ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံအမိုးများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

---

☆ **ကျောဖုံးမှအဆက်**

ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO အဖွဲ့တို့က ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊ အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲအစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌစောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO) ဦးဆောင် နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ပွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၃/ ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**

**ဝဏ္ဏကျော်ထင်ဘွဲ့**

၁။ H.E. Dr Nikolay LISTOPADOV မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်းလစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်းလစ်စတိုပါဒေါ့ဗ်သည် မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စတင်ပေးအပ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာ နီကိုလိုင်းလစ်စတိုပါဒေါ့ဗ်သည် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်၊ ရေးနိုင်သူတစ်ဦးလည်းဖြစ်ပြီး ရုရှားဖက်ဒရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ချိန်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးဖြစ်သည်ထိ မြန်မာ-ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်အောင် တည်ဆောက်ပေးနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင် သံတမန်အဖွဲ့နာယက တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း၊ ဗုဒ္ဓစာပေများကို ရုရှားဘာသာဖြင့်ရေးသား၍ ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း မြန်မာ-ရုရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုနီးကပ်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်းလစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်ကြောင်း သတင်းရရှိသည်။

---

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/ ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ခုနှစ်၊ ဇွန်လ ၂၆ ရက်)

**မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ်**

**ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်သင်းသင်းချိုအား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များက နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ခေါင်းဒုက္ခာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်ဖြူဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမ ဘေးဝဲယာရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကညင်တန်းရပ်ကွက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၂၆**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။



# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ် စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

## ဇွန် ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၂၆**

ဇွန် ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၀၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၃၂၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၁၉၈ ဦး |

# မြန်မာ့မြေ မြန်မာ့အမွေ

မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ကြလျက် နယ်နိမိတ်ရှိသော ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့ကြပါသည်။ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) ဘကြီးတော်မင်းတရားကြီး(၁၈၁၉-၁၈၃၇) လက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားပြီး မြန်မာနိုင်ငံ၏ ရခိုင်ဒေသနှင့် တနင်္သာရီဒေသကိုသိမ်းပိုက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းနှင့် မြန်မာ့မြေကိုကျူးကျော်ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ပထမစစ်ပွဲနှင့်ပင် ရပ်မနေဘဲ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြန်သည်။ ထို့နောက် သီပေါမင်းလက်ထက် (၁၈၇၈-၁၈၈၅) ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားခဲ့ပြီး မြန်မာ့သမိုင်းတွင် ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းလျက် နိုင်ငံတော်နှင့်လူမျိုးပါ အင်္ဂလိပ်လက်အောက်သို့ လုံးဝကျရောက်ခဲ့ရသည်။ ရှေးမြန်မာ့အစဉ်အလာအုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအခြေအနေတို့ပါ အသွင်ပုံစံများပြောင်းလဲခဲ့ရသည်။ ၂၉-၁၁-၁၈၈၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာလုံးဝလက်လွတ်ဆုံးရှုံးသွားခဲ့ရသည်။

အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသွားရပြီး သူ့ကျွန်ဘဝကို မနေလိုသည့် တိုင်းရင်းသားများ၏ ရင်တွင်းခံစားချက်ကို ဆီးဘန်နီဆရာတော်က-

"ကုန်းဘောင်နေမီး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏။" ဟူ၍ ဧကပိုဒ်ရတုတွင် စပ်ဆိုခဲ့လေသည်။

ဤဧကပိုဒ်ရတုကို ဖတ်ကြည့်ခံစားကြည့်ပါက အချုပ်အခြာအာဏာ ဆုံးရှုံးရခြင်းသည် မည်မျှကြေကွဲဝမ်းနည်းဖွယ်ကောင်းကာ အလွန်တရာခံပြင်းပြီး ယူကျုံးမရဖြစ်ခဲ့သည်ကို မြန်မာ့သမိုင်းတွင် အတိအလင်းမြင်နိုင်ပေသည်။

မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ပြီး မြန်မာ့အစဉ်အလာဓလေ့မှ သွေဖည်ကာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်များ အစစအရာရာ ပြောင်းလဲသွားရုံမက မြန်မာလူမျိုးတို့၏ ရတနာအမွေအနှစ်ပစ္စည်းများသည်လည်း တစ်ပါတည်းသိမ်းယူသွားခဲ့ကြပြီး အချို့ကို ပြန်လည်ရရှိသော်လည်း ပြန်လည်ရရှိသေးခြင်းမရှိသေးသည့် ရတနာပစ္စည်းများလည်း ကျန်ရှိနေပါသည်။

ပါရှိသွားသော မြန်မာ့နန်းတော်မှ ရတနာပစ္စည်းများကြည့်ပါက အောက်ပါအတိုင်း ပစ္စည်းလေးမျိုး ခွဲခြားတွေ့ရှိနိုင်ပါသည်-

(က) သီပေါမင်းပါတော်မူပြီးနောက် အင်္ဂလိပ်တို့ ဖွဲ့စည်းခဲ့သော စစ်သိမ်းပစ္စည်းထုခွဲရေး ကော်မတီ၏ ထိန်းချုပ်မှုအောက်တွင် ရှိသော ရတနာများ၊ တန်ဖိုးမကြီးမားသော ပစ္စည်း၊

(ခ) မင်းမြောက်တန်ဆာများ၊

(ဂ) ဘုရင်နှင့်မိဖုရားကြီး ပိုင်ဆိုင်သော ငွေနှင့် ရတနာများ၊

(ဃ) ဆင်ဖြူမရှင်မိဖုရားကြီးပိုင်ဆိုင်သော ငွေနှင့်ရတနာများ။

ယင်းပစ္စည်းလေးမျိုးအနက် အောက်ဆုံးသုံးမျိုးသည် ကာနယ်စလေဒင်အား ထိန်းသိမ်းစောင့်ရှောက်ရန် ပိုင်ရှင်များက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ၁၈၈၅ ခုနှစ်မှစ၍ အင်္ဂလိပ်လက်အောက်သို့ မြန်မာ့မြေနှင့် မြန်မာ့အမွေပစ္စည်းများဖြစ်သော နန်းတွင်းပစ္စည်းများ ရောက်ရှိသွားရလေတော့သည်။

၁၈၈၅ ခုနှစ်တွင် လက်လွှတ်လိုက်ရသည့်လွတ်လပ်ရေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးနှင့် မြန်မာ့မြေကိုပြန်လည်ရယူနိုင်ခဲ့ပေသည်။ ဤသည်မှာ တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုကြောင့်ဟုဆိုပါက မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် ပြည်ထောင်စုကြီးတည်တံ့ခဲ့ရသည်မှာလည်း သမိုင်းသက်သေပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ

## အင်္ဂလန်နိုင်ငံမှ ပြန်လည်လွှဲပြောင်းရောက်ရှိလာသည့်မြန်မာ့နန်းတွင်းပစ္စည်းများစာရင်း ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ၊ဒီဇင်ဘာလ

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | သန့်လျက် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၁.၁၁.၁၉၆၄ |
| ၂။ | မဏိတော်ထက်ပတ္တမြားသင်းကျစ် စိန်စီထားသောကြာ ပလ္လင်ခံရွှေပြား ကပ်ဆင်းတု | $V_3$ (a) အပေါ်ဆုံးထပ်အကန့် | ကျောက်ပြုတ်နေ | ၁ | ၁၂/၁၉၆၄ |
| ၃။ | ပတ္တမြားစီ ရွှေအခွေကွပ် ဓားအိမ်ဆောင် သံမဏိပန်းဖော် အရိုးတပ် သမိန်ထောဓား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၄။ | ပတ္တမြားစီရွှေအခွေကွပ်၊ရွှေပြားကပ်ဓားအိမ်ဆောင် ကျောက်စီရွှေငှက်ခေါင်းတပ် ရွှေပြားကပ် ရတနာစီအရိုးတပ် ကျောက်စီဓား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၅။ | ရတနာကျောက်စီခြယ်၊ရွှေဓာပေါက်ခြေနင်းအစုံ | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၂ (အစုံ-၁) | ၁၂/၁၉၆၄ |
| ၆။ | အနားသုံးရစ် ပတ္တမြားစီသလင်းထောင်ပတ်လည်အလယ်နဝရတ်ကိုးပါးစီ ရွှေမနော်လင်ပန်း | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၇။ | လကျာရစ်ရွှေပြားကပ်၊ ထိပ်နဝရတ်ကိုးပါးစီခရုသင်း | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၈။ | ပတ္တမြားရတနာကိုးပါးစီ ရွှေရိုးတပ်သားမြီးယပ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၉။ | ရွှေပြားသင်းကျစ်၊ရွှေနန်းဆွဲပန်းလိမ်နကင်းတပ်၊ရွှေပန်းဖောက်မွမ်းမံထားသောမကိုဋ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၀။ | မကာန်းရုပ်သဏ္ဌာန်သွန်းလုပ်ထားသောရွှေကရား | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၁။ | ပွတ်လုံးမဏ္ဍိုင်၊ နရားလေးရုပ်ရံ၊ ရွှေကလပ်တင်၊ အဖုံးနဝရတ်ကိုးပါးခြယ်ရွှေကွမ်းအစ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၂။ | ကျောက်မျက်ရတနာခြယ်ဟင်္သာရုပ်သဏ္ဌာန် ကလပ်တင်ရွှေအုပ် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၃။ | အဖြူရောင်ဖဲအောက်ခံ၊ ရွှေချည်ထိုးပန်းဖော်၍ အဖျားတွင် ပုလဲ၊ ကျောက်မျက်ရတနာ စီခြယ်ထားသောထီး | $V_{12}$ ဗီရိုအပေါ်ဆုံးထပ်အကန့် | မကောင်း | ၁ | ၁၂/၁၉၆၄ |
| စုစုပေါင်း | | | | ၁၄ | |

## ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ(၂၁)ရက်နေ့တွင် ကြယ်(၅)ပွင့်သင်္ဘောဖြင့် ထပ်မံရောက်လာသည့် မြန်မာ့နန်းတွင်းပစ္စည်းများ

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | ကွမ်းလောင်းကြီး | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂။ | ဆယ့်နှစ်ရာသီကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃။ | ပယင်းဟင်္သာရုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄။ | တကောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅။ | တကောင်းပိတ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆။ | ကရား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇။ | ဆယ့်နှစ်မြှောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈။ | ရှစ်ထောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉။ | ဒေါင်းပေါင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀။ | နဂါးခံကွမ်းအစ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၁။ | အဖုံးပါကွမ်းခွက်ငယ် | ။ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၁၂။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၃။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၄။ | ဖလား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၅။ | ခရုသင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၆။ | နန်းဆွဲအုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၇။ | မကိုဋ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၈။ | မောက်တို(ခေါင်းဆောင်း) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၉။ | ဓာတာခြင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၀။ | ဓားမြှောင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၁။ | ရွှေယပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၂။ | ရွှေဖိနပ် | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၂၃။ | မင်းတုန်းမင်းမှဒ္ဒါဘိသိက် မင်္ဂလာအခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၄။ | မင်းတုန်းမင်းမြို့သိမ်းမင်္ဂလာ အခါတော်စာ | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၅။ | သီပေါမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၆။ | သီပေါမင်းမြို့သိမ်း မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၇။ | ဗဒုံမင်းမုဒ္ဒါဘိသိက်မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၈။ | ဗဒုံမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၉။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီး တံဆိပ်နာမံ (သီရိပဝရတိလောကမဟာရာဇိန္ဒာဓိပတိပဒုမရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၀။ | စုဖုရားလတ်တံဆိပ်နာမံ (သီရိပဝရအတုလတိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၁။ | မင်းတုန်းမင်းတံဆိပ်နာမံ (သီရိပဝရဝိဇယာနန္တယသတိလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၂။ | သီပေါမင်းတံဆိပ်နာမံ (သီရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိမဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၃။ | သောင်သွပ်စော်ဘွားနဖူးစည်း | ။ | ကောင်း | ၅ | ၂၁.၇.၁၉၆၅ |
| ၃၄။ | ညောင်ဝန်းဝန်ထောက်မင်း မင်းကြီးမဟာမင်းခေါင် သခ်ယာ၏နဖူးစည်း | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၅။ | ဝန်မင်းကြီးဦးသာသင်း (ယောမြို့)၏နဖူးစည်း | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၃၆။ | ကျောက်စီဓား | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၇။ | လက်ကိုင်ကြေးမုံ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၈။ | မှန် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၉။ | သလင်းမြောင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၀။ | ကျုပ်လျှား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၁။ | ရတနာပန်းတောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| စဉ် | ပစ္စည်းအမည် | ပစ္စည်း တည်နေရာ | ပစ္စည်း အခြေအနေ | အရေ အတွက် | ရရှိသည့် နေ့စွဲ |
|---|---|---|---|---|---|
| ၄၂။ | မှန်စိမ်းတပ်ဆယ့်နှစ်မြောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၄၃။ | ဆယ့်နှစ်မြောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၄။ | သောင်သွပ်စော်ဘွားဥသျှောင် | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၅။ | တကောင်းပိတ်အောက်ပိုင်း | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၆။ | ကရဝိက်ကွမ်းအုပ်အောက်ခံ | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၇။ | တကောင်းပိတ် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၈။ | သားမြီးယပ် | $V_{1}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၉။ | ရှစ်ထောင့်ကွမ်းခွက် | $V_{1}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၀။ | ရွှေကရား | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၁။ | ဆင်းတု (သစ်သားရွှေပြားကပ်) | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၂။ | ကြေးစေတီပုံကြုတ် | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၃။ | ငွေစေတီပုံကြုတ် | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၄။ | ကြေးစေတီပုံစံအသေး | $V_{3a}$ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၅၅။ | ကြေးစေတီပုံစံအလတ် | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၆။ | စေတီပုံရွှေကြုတ်အသေး | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၇။ | စေတီပုံရွှေကြုတ်အသေး | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၈။ | စေတီပုံရွှေကြုတ်အသေး | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၉။ | ကျောက်စိမ်းဆင်းတုအသေး | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၀။ | စိန်ဖူး (အတို) | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၁။ | စိန်ဖူး (အရှည်) | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၂။ | ငှက်မြတ်နား | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၃။ | မဏ္ဍိုင်ပါငှက်မြတ်နား | $V_{3a}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၄။ | ပါးကာ၊နားကာ | $V_{3a}$ | ကောင်း | ၈ | ၂၁.၇.၁၉၆၅ |
| ၆၅။ | ကျောက်စိမ်းပန်းကန်ကြီး | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၆။ | ကျောက်စိမ်းပန်းကန် | $V_{4}$ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၆၇။ | သီပေါမင်းနာရီနှင့်ဖောင်တိန် | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၈။ | နဂါး | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၉။ | ခါးပတ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၀။ | နားတောင်းတစ်ရန် | $V_{4}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၇၁။ | စိန်(၈)လုံးစီနားတောင်းကြုတ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၂။ | ကြောင်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၃။ | စိန်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၄။ | စိန်လက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၅။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၆။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၇။ | ပတ္တမြားလက်စွပ် (အညှိပန်း) (ပန်းနုရောင်) | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၈။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၉။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၀။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၁။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၂။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၃။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၄။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၅။ | မြလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၆။ | မြလက်စွပ်အကြီး | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၇။ | ပတ္တမြားကိုးပွင့်စီခြယ်ထားသောလက်စွပ် | $V_{4}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၈။ | ကွမ်းခွက်ငယ် (အဖုံးမပါ) | $V_{5}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၈၉။ | ကရဝိက်ကွမ်းအုပ် | $V_{7}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၀။ | မကိုဋ် (မိဖုရားသုံး) | $V_{9}$ | မကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၉၁။ | ဆင်ဖြူမရှင်ဘွဲ့ (သီရိတိလောကမဟာရတနာဒေဝီ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၂။ | ဆင်ဖြူတော်ဘွဲ့ (မောရိယပစ္စယနာဂရာဇာ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၃။ | မောက်ရွ (အထွတ်ပါ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၄။ | မောက်ရွ (ပါးကာ၊နားကာ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၅။ | သီပေါမင်းဘွဲ့ (သီရိပဝရာဒိတျလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၆။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၇။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာဇိန္ဒရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၈။ | စုဖုရားလတ်ဘွဲ့ (သီရိပဝရမဟာရာဇိန္ဒာဘိသုဓမ္မရတနာနန္ဒာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၉။ | ပုဂံမင်းဘွဲ့ (သီရိသုဓမ္မတိလောကပဝရမဟာရာဇာဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၀။ | ယပ်(နှစ်ခု) | $V_{12b}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၁၀၁။ | ယပ်(တစ်ခု) | $V_{12b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၂။ | ထီးရိုးနှစ်ပိုင်း | $V_{12b}$ | ကောင်း | ၁ (၂)ပိုင်း | ၂၁.၇.၁၉၆၅ |
| ၁၀၃။ | အမည်မသိတုတ် | $V_{12b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၄။ | ကွမ်းလောင်းငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၅။ | အဖုံးမပါရှစ်ထောင့်ကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၆။ | အဖုံးမပါခိုနန်းချိုးပုံကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၇။ | ဓားရှည် (ဓားအိမ်ပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၈။ | ဓားရှည် (ဓားအိမ်မပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| | စုစုပေါင်း | | | ၁၄၁ | |

အိန္ဒိယနိုင်ငံဘုရင်ခံချုပ်လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ရာ ယနေ့အမျိုးသားပြတိုက်တွင် တွေ့ရှိလေ့လာနိုင်ပေသည်။ ဤပလ္လင်တော်၏အကြောင်းကို ၁၉၆၃ ခုနှစ် ရှေးဟောင်းသုတေသနဌာနမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော "မန္တလေးနန်းတော်"စာအုပ်တွင် "လှပသော လက်ရန်းလေးခုပါလျက် ခြသ့ေ်ပလ္လင်(သီဟာသန)သည် လွှတ်တော်ထဲတွင် သီးသန့်တည်ရှိသည်။ ထိုပလ္လင်သည် ညီလာခံရာခန်းမကြီးရှိ သီဟာသနပလ္လင်၏ပုံတူပွားဖြစ်သည်။ လွှတ်တော်မှ ပလ္လင်ကို ကာလကတ္တားရှိ အိန္ဒိယပြတိုက်သို့ ပို့ခဲ့သည်"ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ ထိုဖော်ပြချက်နှင့် မောင့်ဘက်တန်သည် အိန္ဒိယရှိ သီဟာသနပလ္လင်ကို ပြန်ပို့ပေးသည်ဟူသောအချက်နှင့် ဆက်စပ်လိုက်လျှင် အမျိုးသားပြတိုက်ရှိ ပြသထားသောပလ္လင်သည် မြန်မာမင်းလက်ထက်လွှတ်တော်၌ ထားရှိသော သီဟာသနပလ္လင်ဖြစ်ကြောင်း ထင်ရှားသည်။

ထို့နောက် ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း၏ မေတ္တာရပ်ခံချက်အရ အင်္ဂလန်နိုင်ငံ ဒုတိယမြောက် အဲလိဇဘက်ဘုရင်မကြီးက အောက်ပါမြန်မာနိုင်ငံ ကုန်းဘောင်မင်းဆက်များ၏ မင်းခမ်းတော်ပစ္စည်းများ အပါအဝင် ပစ္စည်းအရေအတွက် (၁၄၁) ခုကို မြန်မာနိုင်ငံအစိုးရထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ မင်းခမ်းတော်ပစ္စည်းဆိုသည်မှာ ထီးနန်းစဉ်ဆက် လက်ခံလိုက်နာသုံးစွဲရိုးရှိသော အဆောင်အယောင်ဖြစ်သည်။ တစ်နည်းဆိုရသော် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်း၌ သုံးစွဲသည့်ပစ္စည်းများပင်ဖြစ်သည်။ မင်းခမ်းတော်ပစ္စည်းများသည် တစ်နည်းအားဖြင့် ဘုရင်မင်းမြတ်များအား ဘုန်းကျက်သရေတိုးတက်စေရန်ချီးမြှောက်ဂုဏ်ပြုသော အသုံးအဆောင်ပစ္စည်းများဖြစ်သည်။ မင်းအဆက်ဆက်တို့သည် မင်းခမ်းတော်ပစ္စည်းများကို အဖိုးတန်ကျောက်မျက်ရတနာများစီခြယ်ပြီး ရွှေစင်အတိဖြင့်ပြုလုပ်ခဲ့ကြသည်။ ထိုသို့ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသည့် မင်းခမ်းတော်ပစ္စည်းများကြောင့် ရွှေနန်းတော်ညီလာခံဆောင်သည် ရွှေသားရောင်ရတနာခုနစ်ပါးအရောင်တို့ဖြင့် တဝင်းဝင်းတောက်ပြောင်လျက်ရှိသည်။

၎င်းနောက် ၁၈၉၀ ပြည့်နှစ်ကစပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗိတိုရိယနှင့် အဲလ်ဘတ်ပြတိုက်ကြီးတွင် ထိန်းသိမ်းထားခဲ့သော မင်းမြောက်တန်ဆာနှင့်ထီးသုံးနန်းသုံးပစ္စည်းများကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်တို့၌ အသီးသီးပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ အချို့မြန်မာ့အမွေပစ္စည်းများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သော်လည်း အောက်ပါတို့မှာ ယနေ့တိုင်ကျန်နေဆဲပင်ဖြစ်သည်-

(၁) ပတ္တမြားငမောက်ကျောက်
(၂) လော့ဒ်ကားတင်လေးကျောက်၊ ရတီ ၂၀
(၃) လော့ဒ်ကားတင်ကြီးကျောက်၊ ရတီ ၄၀ ကျော်
(၄) ဆက်မတော်ကျောက်၊ ရတီ ၄၀ ကျော်
(၅) စံကျောက်တော်၊ ရတီ ၆
(၆) အခြား နဂါးဗိုလ်စသောကျောက်များသာမက

(က) ဘုရင်နှင့်မိဖုရားပိုင်ပစ္စည်းအချို့နှင့်နန်းစဉ်ပစ္စည်းများကို သေတ္တာကြီးငယ်တွင်ထည့်၍ ကာနယ်စလေဒင်အား အပ်ရသည်။

(ခ) အလယ်နန်းမတော်မိဖုရားဆင်ဖြူမရှင်၏ ကိုယ်ပိုင်ရွှေ ဒင်္ဂါးများနှင့် ရှစ်သိန်းကျော်တန် (ယင်းခေတ်ကာလက တွက်ချက်သောတန်ဖိုး) ပစ္စည်းများ၊

(ဂ) ဘုရင်နှင့် မိဖုရားနှစ်ပါးတို့၏ ကိုယ်ပိုင်ပစ္စည်းများ၊ ကနုကမာ သေတ္တာတွင်ထည့်သွင်း၍ အပ်ရသည်။ ယင်းတို့မှာ-

| | | |
|---|---|---|
| ၁။ | စိန်၊ မြ၊ ပတ္တမြား နားတောင်းတော် | ၁၂ ရန် |
| ၂။ | ပတ္တမြားစလွယ် | ၁ |
| ၃။ | ခေတ်တော်ကြီးငယ် | ၂ |
| ၄။ | စိန်ခါးစည်း | ၁ |
| ၅။ | စိန်ပန်းခွေ | ၁ |
| ၆။ | စိန်ပန်းခိုင် | ၃ |
| ၇။ | စိန်လက်ကောက် | ၁ရန် |
| ၈။ | စိန်လည်ကပ် | ၂၄ |
| ၉။ | စိန်ကြိုး (ကုံးရေ) | ၁၀ |
| ၁၀။ | စိန်လက်စွပ် | ၂၀ |
| ၁၁။ | ပတ္တမြားလက်စွပ် (လော့ဒ်ကားတင်ကျောက်) | ၁ |
| ၁၂။ | ကြိုးကျောက် | ၂ |
| ၁၃။ | မောက်ကြိုး | ၁ |

**စုစုပေါင်း ၇၉** တို့ဖြစ်သည်။

ယင်းပစ္စည်းများအပြင် ကုန်းဘောင်မင်းဆက်တို့၏ ရွှေကိုယ်လေးရုပ်တုများသည်လည်း အပါအဝင်ဖြစ်ပြီး ယနေ့တိုင် ပြန်လည်မရရှိသေးပေ။

ထို့ကြောင့် အင်္ဂလိပ်တို့၏ကျူးကျော်စစ်ကြောင့် ဆုံးရှုံးသွားခဲ့ရသောမြန်မာ့အချုပ်အခြာအာဏာ၊ မြန်မာ့မြေ၊ မြန်မာ့အမွေများသည် တိုင်းရင်းသားတို့၏စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးကို ရရှိလာပြီး မြန်မာ့အချုပ်အခြာအာဏာနှင့် မြန်မာ့မြေဟူ၍တည်ရှိလာပြီး ယနေ့အချိန်အခါတွင် ကမ္ဘာ့အလယ်တွင် ရပ်တည်နေနိုင်ပြီဖြစ်သည်။ သို့သော် ဆုံးရှုံးသွားပြီး ပြန်လည်ရရှိရန်ကျန်ရှိနေသေးသည့်စာရင်းဝင်/စာရင်းမဝင် မြန်မာ့အမွေနန်းစဉ်ပစ္စည်းများကိုမူ ပြန်လည်ရရှိရန် ကြိုးစားကြရမည်ဖြစ်ပေသည်။ မြန်မာ့အမွေအနှစ်ပစ္စည်းများသည် အင်္ဂလန်နိုင်ငံ၌သာမက အခြားသောနိုင်ငံများတွင်ပါရှိနေဦးမည်ဟု ထင်မြင်ယူဆရပါသည်။ ။

**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး တံခွန်စိုက်ဒိုင်းဆုရရှိသော မန္တလေးတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၆**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့ရေကူးကန်၌ပြုလုပ်ရာ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အလွတ်ကူး မီတာ ၅၀ ဗိုလ်လုပွဲနှင့် လေးမျိုးကူး မီတာ ၅၀ လက်ဆင့်ကမ်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော မန္တလေးတပ်နယ်အသင်းတို့ကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ် ၁၃ ခုမှ ပြိုင်ပွဲဝင်အားကစားသမား ၉၃ ဦး၊ ရေကူးကစားနည်း ခြောက်မျိုးဖြင့် ဇွန် ၂၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဇဟိုကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm အလုံး ၁၇၆၀၀၊ ဆေးထိုးအပ် အချောင်း ၈၉၆၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ Sinopharm အလုံး ၁၇၀၀၀၊ ဆေးထိုးအပ် အချောင်း ၈၆၄၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Sinopharm ၉၃၃၄ လုံး၊ ဆေးထိုးအပ် အချောင်း ၈၆၄၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm အလုံး ၂၁၀၀၀၊ ဆေးထိုးအပ် အချောင်း ၁၀၅၆၀၀၊ ချင်းပြည်နယ် ကလေးမြို့သို့ Sinopharm အလုံး ၃၀၀၀၊ ဆေးထိုးအပ် အချောင်း ၁၆၀၀၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm အလုံး ၇၀၀၀၊ ဆေးထိုးအပ် အချောင်း ၅၁၂၀၀၊ သံတွဲမြို့သို့ Sinopharm အလုံး ၁၀၀၀၀၊ ဆေးထိုးအပ် အချောင်း ၃၅၂၀၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ၁၂၅၆၅ လုံး၊ ဆေးထိုးအပ် အချောင်း ၆၄၀၀၀၊ ထားဝယ်မြို့သို့ Sinopharm ၄၃၅၂ လုံး၊ ဆေးထိုးအပ် အချောင်း ၂၂၄၀၀၊ ကော့သောင်းမြို့သို့ Sinopharm အလုံး ၃၂၀၀ နှင့် ဆေးထိုးအပ် အချောင်း ၁၆၀၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။



တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၅၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၁၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ကော့ကရိတ်မြို့၊သိမ်ဖြူစရပ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိခဲ့သည်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၈-၆-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခေးမြဲတိုက်လုယက်မှုများကျူးလွန်ခဲ့သည့် တွံတေးမြို့ပြခြောက်ကျားအမည်ခံ PDF အကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

**နေပြည်တော် ဇွန် ၂၆**

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (23rd ASEAN Senior Officials Meeting on Transnational Crime and Its Related Meetings) ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသော အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာ (Yogyakarta) မြို့ Royal Ambarrukmo Hotel တွင် ဇွန် ၂၀ ရက်မှ ၂၃ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် အမေရိကန်စသည့် ကိုးနိုင်ငံတို့မှ အတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ SOMTC ခေါင်းဆောင်များဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ဦးရေ ၁၇၀ ခန့် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ်ငါးဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံနိုင်ငံ ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး SOMTC ခေါင်းဆောင်များ၏ (၂၃)ကြိမ်မြောက် စုံညီအစည်းအဝေးကို ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ယော့ဂျကာတာမြို့ရှိ Royal Ambarrukmo Hotel ၌ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ H.E. Police Commissioner General Agus Andrianto က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ အစည်းအဝေးတွင် အာဆီယံဒေသတွင်း အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုခင်းများ၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းများ တိုးတက်ဖြစ်ပေါ်လာမှုနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံအလိုက် တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ အမြင်ချင်းဖလှယ်ဆွေးနွေးရာ မြန်မာ SOMTC ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်က အကြမ်းဖက်အုပ်စုများ၏ သတင်းမှားများထုတ်ပြန်မှု၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်မှုနှင့် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရရုံး၊ အဆောက်အအုံများကို ဗုံးခွဲ၊ အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေများ၊ ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှုနှင့် လူကုန်ကူးမှုခင်းများတိုက်ဖျက်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဒေသတွင်းနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်ထိ ဆက်လက်ကျင်းပရာ ဇွန် ၂၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် အာဆီယံပူးပေါင်းဆောင်ရွက်မှု (20th SOMTC + China Consultation) အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. NIU Haifeng တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာပြဿနာများ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ (၂၀၁၇-၂၀၂၃)နှင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ၂၀၂၄-၂၀၂၈ တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်အသစ် ရေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းလမ်းညွှန်ချက် တစ်ခုကို အတည်ပြုခဲ့ပြီး မူကြမ်းငါးခုကို ဩဂုတ်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆက်လက်တင်ပြသွားရန် သဘောတူညီခဲ့ကြသည်။

ထို့နောက် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယား၊ (တရုတ်၊ ဂျပန်၊ ကိုရီးယား)သုံးနိုင်ငံပူးပေါင်းမှု၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် သီးခြားစီဆွေးနွေးမှုများကို အလှည့်ကျအာဆီယံနိုင်ငံ SOMTC ခေါင်းဆောင်များက ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်၍ ဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းစီမံချက် လေးခုကို အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ ထိန်းချုပ်ရေးတို့ကို တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှု၊ အွန်လိုင်းလောင်းကစားမှုခင်းများနှင့်ပတ်သက်၍ ထိရောက်စွာတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးနိုင်ခဲ့သည်။ 23rd SOMTC နှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်စဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ ထိုင်းတော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေးရဲဌာန အကြီးအကဲတို့နှင့် သီးခြားတွေ့ဆုံ၍ အွန်လိုင်းလိမ်ညာမှုနှင့် လောင်းကစားမှုများ တိုက်ဖျက်ရေး၊ ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တီတွင်ကျေးရွာနေ အောင်ဗိုလ်ဗိုလ်(ခ)ရွှေဘို သည် ၎င်းအသုံးပြုသည့် "Aung Bo Bo" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်နေ ဖြူဖြူလှိုင်သည် ၎င်းအသုံးပြုသည့် "Phyu Phyu Hlaing" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## မိတ္ထီလာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ရွှေသုဝဏ်တိုက်နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ကိုးပါးနှင့် ဒေသခံပြည်သူ ၄၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

0 w Kw d @

# ချစ်ခြင်းဖြင့် အပြစ်ကင်းပါစေ

စံဖြာနိုင်ထွန်း




(၁)

"ဝေါ ဝေါ ဂျိန်း ဒုန်း"

"မိုးကရွာ လေကကြမ်းနဲ့။ သားကြီး၊ သားငယ်ရေ အိမ်အပေါ်ထပ်ကတံခါးတွေ ပိတ်ပြီးပြီလားဟေ့"

"ပိတ်ပြီးပြီ မေမေ"

မြိုင် ပါးစပ်ကလဲပြော အောက်ထပ်က တံခါးတွေမှန်သမျှလိုက်ပိတ်ရင်း လေနဲ့အတူပါလာတဲ့မိုးရေတွေ ရွဲရွဲစိုသွားတဲ့ဆံပင်ကို တဘက်ကြမ်းနဲ့ဆွဲသုတ်လိုက်ပြီး အိမ်ရှေ့ကခေါ်သံကြားလို့ အိမ်ရှေ့ကတံခါးမကြီးကို ဖွင့်လိုက်တော့-

"မမြိုင် မမြိုင်ရဲ့ယောက်ျားကြီး ကိုဘုန်းကျော်ဆုံးပြီတဲ့"

"ဘယ်လိုမောင်လေး"

သတင်းပို့လာသူက မြိုင်ရဲ့ မောင်အရင်း မင်းမင်းထွန်း။

"ဟုတ်တယ်။ အခုပဲသတင်းကြားလို့ မမြိုင်ဆီလာပြောတာ။ လမ်းမှာပဲ မိုးတွေရွာလာလို့"

"မနေ့ကတွေ့လိုက်တာတော့ မာမာချာချာ အကောင်းကြီးရှိသေးတာ။ ဘာရောဂါနဲ့လဲမောင်လေး"

"အဆိပ်သောက်သေတာတဲ့ မမြိုင်"

"ဟယ်. . . ဟုတ်လား။ မောင်လေးလဲ အကျီ ့သွားလဲအုံး။ အပေါ်ထပ်မှာ မင်းတူ ကျော်သူရရှိတယ်။ သွားသွား"

"ဟုတ် မမြိုင်"

ကိုဘုန်းကျော်ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ်သတ်သေရတာပါလိမ့်။ ကိုဘုန်းကျော်က မြိုင့်ခင်ပွန်းဟောင်းပါ။ ကွဲတာကြာလှပြီဖြစ်ပေမဲ့ဆုံးပါးသွားတယ်ဆိုတော့ စိတ်မကောင်း။

"သားကြီးနဲ့ သားငယ် မင်းတို့ဖေဖေဆုံးသွားပြီ။ သူမိန်းမအိအိအိမ် သွားသတင်းမေးပြီး အခြေအနေကို စုံစမ်းကြည့်ကြပါအုံး"

သားကြီးကျော်သီဟက-

"ဟုတ်မေမေ"

သားငယ် ကျော်သူရကတော့-

"သားမသွားချင်ဘူးမေမေ။ အဲဒီမိန်းမမျက်နှာလဲ မကြည့်ချင်ဘူး။ ဖေဖေ့ကိုလဲ"

"ဩော်. . . သားငယ်ရယ် မင်းဖေဖေအရင်းပါ။ သေတဲ့သူလဲသေပြီ အာယာတတွေမထားပါနဲ့။ သားငယ်လေး မိုးတိတ်တာနဲ့သွားလိုက်"

မြိုင် ကိုဘုန်းကျော်ကို မိဘပေးစားလို့ယူခဲ့ကြတုန်းက မြိုင့်အသက် ၃၇ နှစ်။ ကိုဘုန်းကျော်က ၂၇ နှစ်။ မြိုင်က ကိုဘုန်းကျော်ထက် ၁၀ နှစ်ကြီးပါတယ်။ ဆေးလိပ်မသောက်၊ ကွမ်းမစားတတ်တဲ့ ကိုဘုန်းကျော်မှာ အားနည်းချက်ရှိတာက အရာရာကို သံသယနဲ့ကြည့်တတ်ပြီး မယုံသင်္ကာစိတ်ထားတတ်တာပါပဲ။ ကိုဘုန်းကျော်ဟာ မြိုင့်ရဲ့အချစ်ဦးမဖြစ်ခဲ့တာက ကိုဘုန်းကျော်အတွက် မနာလိုသံသယနဲ့မကျေမနပ် ခံပြင်းရတာလား ဒါမှမဟုတ် ပင်ကိုစိတ်ထားကပဲ နှလုံးသားတိုက်ပွဲမှာ တစ်ယောက်တည်းမူပိုင် အချစ်ဘုရင်ဖြစ်ချင်တာပဲလား ဆိုတာ မြိုင်သိခွင့်မရခဲ့ပါ။ မြိုင်ကတော့ ကိုယ့်အိမ်ဦးနတ် ကိုဘုန်းကျော်ဟာ မြိုင့်နှလုံးသားအရှင်သခင်ပါပဲ။ ကိုဘုန်းကျော်ရဲ့အားနည်းချက်တွေ၊ တစ်ဖက်စောင်းနင်းနိုင်မှုတွေကို အိမ်ထောင်ကျခါစမှာ မြိုင်မသိခဲ့။ ပထမကလေး ကျော်သီဟကိုမွေးပြီးမှပဲ သိလာရတော့တာပါ။ မြိုင့်မိဘတွေက ငရုတ်သီး၊ အာလူး၊ ကုလားပဲပွဲရုံလုပ်ငန်းပိုင်ရှင်တွေ။ ကိုဘုန်းကျော်မိဘတွေက ကြက်သွန်၊ မြေပဲဆီပွဲရုံလုပ်ငန်းရှင်တွေ။ မိဘတွေအချင်းချင်း မြို့မိမြို့ဖတွေဖြစ်ရုံမက ခင်မင်လွန်းတဲ့ မိတ်ဆွေတွေဆိုတော့ တိုင်ပင်ပြီး တစ်ခါတည်းစေ့စပ်လက်ထပ်ပေးစားခဲ့တာပါ။ ဒီလို အစစအရာရာအဆင်ပြေခဲ့ရာက ကျော်သူရ ကိုယ်ဝန်မဆောင်ခင် မြိုင့်အရင်ရည်းစားဖြစ်သူ ကိုစောမြိုင်တို့ မြို့ကလေးဆီ အပြီးပြန်လာရာကနေ မြိုင်တို့အိမ်ထောင်ရေး အက်ကြောင်းထင်လာခဲ့ပါတော့တယ်။

(၂)

"မြိုင် မြိုင်ဟုတ်လား"

"ကိုစော"

"မြိုင်အိမ်ထောင်ကျသွားပြီလို့ ကိုစောကြားခဲ့ပါတယ်။ ကိုစောအလာမကောင်းခဲ့သလို အခါလဲနှောင်းခဲ့ပြီပေါ့မြိုင်ရယ်။ မြိုင့်ကို ကိုစောကတိပေးထားခဲ့သလို ဖြစ်မလာခဲ့တာနဲ့ ကိုစောပြန်မလာရဲဘဲ ကြာသွားတာ။ အဆင်ပြေတာနဲ့ မြိုင့်ဆီအပြေးလာတော့ ဒီသတင်းကဆီးကြိုလို့ ကိုစောကိုခွင့်လွှတ်ပါမြိုင်ရယ်။ မြိုင့်ကိုပစ်ထားသလိုဖြစ်ခဲ့တဲ့ ကိုစောအပြစ်တွေ"

"ပြီးခဲ့တာပြီးခဲ့ပါပြီကိုစောရယ်။ ကိုစောဘဝကိုသာရှေ့လျှောက်အကောင်းဆုံးဖြတ်သန်းပါ"

"မြိုင်ရယ်"

"မေမေ"

"ဟော. . . သား"

ကိုစောနဲ့မြိုင်ရပ်စကားပြောနေဆဲ။ မြိုင့်သားဖြစ်သူကျော်သီဟနဲ့ ကိုဘုန်းကျော်တို့ရောက်လာတာနဲ့ စကားစဖြတ်ပြီး ကိုဘုန်းကျော်ကို မိတ်ဆက်ပေးခဲ့မိတယ်။ နယ်မြို့ဖြစ်လို့ သိပ်မကျယ်တော့ ကိုစောကိုလမ်းမှာတွေ့ရင် မြိုင့်အနေနဲ့ ပြုံးပြနှုတ်ဆက်ရုံဆိုပေမဲ့ စကားပြောချင်သူ၊ ပြောတတ်သူ ကိုစောကြောင့် မကောင်းတတ်လို့ မြိုင့်အနေနဲ့အလိုက်သင့်ပြောဆိုခဲ့မိရုံ။ ဒါကို အမြင်စောင်းပြီး ညနေပွဲရုံကပြန်လာပြီဆို ကိုဘုန်းကျော် အမျိုးမျိုးခနဲ့တဲ့တဲ့စကားတွေနဲ့ ပြဿနာရှာခံရတဲ့မြိုင်။

"မြိုင် မင်းဆင်ခြင်တော့နော်"

"မြိုင်က ဘာကိုဆင်ခြင်ရမှာလဲ ကိုဘုန်းကျော်"

"မင်းတို့နှစ်ယောက်သား စိတ်နဲ့ဖောက်ပြန်ပြီးကြည်နေတာ ကိုယ်မသိဘူးများ ထင်နေသလား"

"အိုး ကိုဘုန်းကျော် မြိုင့်ကိုဘယ်လိုအစားမျိုးထင်လို့လဲ မြိုင်က ကိုယ့်လင်ကလွဲ ဖွဲနဲ့ဆန်ကွဲပဲ။ အခြားယောက်ျားဆို စိတ်နဲ့တောင်မပြစ်မှားဘူး"

"တကယ်"

"တကယ်မကဘူး နှစ်ကယ်"

"ဒါဆိုလာခဲ့"

"အို. . . ဟိုမှာသားကြည့်နေတယ်။ ကိုဘုန်းကျော်နော် မကဲနဲ့"

ပထမတော့ မြိုင့်အောက် ၁၀ နှစ်ငယ်တဲ့ ခင်ပွန်းဖြစ်သူ ကိုဘုန်းကျော် ချစ်လို့သဝန်တိုတာပဲရယ်လို့ ကြည်နူးမိတယ်။ တဖြည်းဖြည်းနဲ့ မြိုင့်အပေါ်မှာ သဝန်တိုတာမဟုတ် ကိုယ်ပိုင်အခွင့်အရေးတွေပေါ်မှာလဲ ချုပ်ချယ်လာသလို ခံစားခဲ့ရပါတော့တယ်။ တကယ်တော့ မြိုင်က ကိုဘုန်းကျော်ထက်ကြီးသူ။ သဝန်တိုစရာရှိ မြိုင်သာတိုရမှာမဟုတ်လား။ အခုတော့ပြောင်းပြန်။ မြိုင့်ဖုန်းစာအုပ်ထဲလှန်လှောပြီး-

"မင်း မင်း ဒီထဲမှာမှတ်ထားတာဘာလဲ။ ပြောစမ်း ပြောစမ်း မြိုင်"

"ဘာလဲ ကိုဘုန်းကျော်"

" hs တဲ့ ဘာလဲ ချစ်ချစ်ကြီးစောလား"

"ကိုဘုန်းကျော်နော် မဟုတ်တာပြောပြန်ပြီ။ hs ဆိုတာ မြိုင့်ပွဲရုံက ဖင်ပေါ့ပြီး ခိုင်းလို့ကောင်းတဲ့ ကရင်လေးထီးဆဲရဲ့ အိမ်နားကဖုန်း။ မြိုင်အလွယ်မှတ်ထားတာ။ ခေါ်ခိုင်းစရာရှိ ဖုန်းဆက်ခေါ်ရအောင်"

အဲဒီတုန်းကတော့ မြိုင်တို့အိမ်ကသုံးတာ ကြိုးဖုန်း။ သွားစရာရှိ ဖုန်းကိုခြင်းထဲထည့်သယ်။ ဘေးမှာဖုန်းနံပါတ်တွေမှတ်ထားတဲ့စာအုပ်ကလေးပါ အပါအဝင်။

"မင်း မန်နေဂျာဖိုးထူးဖုန်းရှိနေတာပဲ။ ဒီကောင်လေးက ဘာလဲ။ မင်းမှတ်စရာလား"

"ကိုဘုန်းကျော်နော် လူကိုစော်ကားတာများနေပြီ။ စီးပွားရေးလုပ်နေတာ အလကားအလေလိုက်နေတာမဟုတ်ဘူး အပြောအဆိုဆင်ခြင်။ တော်ပြီ တော်ပြီ မြိုင်ဆက်မရှင်းချင်တော့ဘူး။ စိတ်တွေ ပျက်လာပြီ"

"မင်း"

စိတ်တိုစွာမြိုင်ပြောအပြီး သားကြီးအခန်းထဲအဝင် "ကျွီ ဒုန်း" အိမ်ပေါ်ကနေ ခြေထောက်ဆောင့်နင်းပြီး ထွက်သွားတဲ့ ကိုဘုန်းကျော်။ တံခါးကိုတောင်ဆောင့်ပိတ်ထားခဲ့သေးတာ။ မြိုင်လဲ နှုတ်ခမ်းကိုတင်းတင်းကိုက်လိုက်ပြီး ဆင်းသွားတဲ့ကိုဘုန်းကျော်ကို လက်ပိုက်ကြည့်နေလိုက်ပါတော့တယ်။

(၃)

ဒီလိုနဲ့ပဲ စကားများလိုက်၊ အမှန်ကိုသိသွားတဲ့ ကိုဘုန်းကျော်က မြိုင့်ကိုတောင်းပန်လိုက်နဲ့ ဒုတိယမြောက်ကိုယ်ဝန် စလွယ်ထားရတဲ့အချိန်ရောက်လို့လာခဲ့ပါပြီ။ ဖြစ်ချင်တော့ ကိုဘုန်းကျော်ခရီးသွားနေခိုက် မြိုင်ကိုယ်ဝန်ပျက်ကျချင်သလိုဖြစ်တာနဲ့ အလန့်တကြားမြို့ထဲကဆေးခန်းကိုသွားပြပြီး အပြန်မှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ မကျန်းမာပုံပေါက်နေတဲ့မြိုင့်ကို မြိုင်တားနေတဲ့ကြားက စိုးရိမ်တကြီး အိမ်ထိလိုက်ပို့ပေးရှာတဲ့ ကိုစောနဲ့ ရုတ်တရက်ပြန်ရောက်လာတဲ့ ကိုဘုန်းကျော်တို့တွေ့ကြပါတော့တယ်။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဆိုတဲ့စကားပုံလို နဂိုကတည်းကမှ အမြင်မရှင်းမသင်္ကာစိတ် ငယ်ထိပ်တက်ရောက်သွားသူ ကိုဘုန်းကျော်နဲ့ အဲဒီနေ့ညကတည်းက မြိုင်တို့လင်ခန်းမယားခန်းပတ်သက်မှုပြတ်စဲခဲ့ကြပြီပေါ့။ မြိုင်ဟာ ကံဆိုးသူလား ဒါမှမဟုတ် ကံကောင်းသူလားမသိတော့။

"မင်းလွယ်ထားတဲ့ကိုယ်ဝန် ငါနဲ့ရတာမဟုတ်ဘူး"

မြိုင်လဲ ဒီတစ်ခါဒေါသယမ်းပုံမီးကျဖြစ်သွားတယ်။

"ဩော်. . . မြိုင် အကြိမ်ကြိမ်ရှင်းပြထားတာတောင် ဒီလိုစကားမျိုး ပြောထွက်ရက်သေးတယ်။ ကိုဘုန်းကျော် ကိုဘုန်းကျော် မြိုင်လဲ ရှင့်ကိုစိတ်ကုန်ပါပြီ။ ဟိုမှာလဲ ကိုစောကို မြိုင်သွားပြောလို့ ရှင့်ဆီကိုစောလာရှင်းပြပြီးပြီ။ ဟိုကလဲ တကယ်အားနာတာကော၊ ရှက်တာကောကြောင့် တစ်မြို့တစ်ရွာ အပြီးပြောင်းသွားပြီ။ ဒါတောင် ဒီကိုယ်ဝန်က ငါနဲ့ရတာမဟုတ်ဘူးတဲ့လား အရပ်ကတို့ရေ။ မြိုင့်အဖြစ်ကို လာကြည့်ကြပါအုံး။ အီးဟီးဟီး"

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်ကြတာလဲ။ လူကြားမကောင်း သူကြားမကောင်း"

ယောက္ခမရောက်လာပြီး ရှင်းရတော့တဲ့အဖြစ်။

"မေမေ့သားကို မေမေ မေးကြည့်ပါတော့။ မြိုင်သူကိုဆက်ပေါင်းလို့မရတော့ဘူးမေမေ။ မြိုင့်မိဘအိမ်မှာ သွားနေတော့မယ်"

"သွား သွား။ ငါကလဲ မင်းကိုပေါင်းချင်လွန်းလို့ ပေါင်းနေတာမဟုတ်ဘူး။ နွားဖြစ်ခဲ့ပြီးပြီ။ နောက်ထပ်လှည်းကျိုးထမ်းပြီးမနေနိုင်တော့ဘူး။ တစ်နွယ်ငင်တစ်စင်ပါမကျန်ခဲ့စေနဲ့"

"ဘာ"

"ဟဲ့သား တော်ပြီ။ သမီး သမီးလေးနေပါအုံး"

ဘယ်သူမှတားမရတော့လောက်အောင် ပြိုကျပျက်စီးသွားတဲ့အိမ်ထောင်ရေးဖြစ်သွားပါပြီ။ ကွာရှင်းလက်မှတ်မထိုးကြဘဲ ကွာရှင်းသွားကြတဲ့အိမ်ထောင်။ သားကြီးကို မြိုင်ပဲ ခေါ်လာလိုက်ပါတော့တယ်။ လူ့လောကထဲမဝင်ရသေးတဲ့ကလေး။ အဖေရှိပေမဲ့ အဖေမဲ့လေပြီ။ အိမ်ထောင်ရေးထဲက မြေစာပင်ကလေး နှစ်ပင်။ နာကျင်ရတဲ့ မြိုင့်နှလုံးသားဟာ မြင်ခွင့်မရသေးတဲ့ ကလေးလေးအတွက် ပိုနာကျင်လှပါတယ်။

(၄)

"ကိုဘုန်းကျော် ကောင်မလေးတစ်ယောက်နဲ့ ယူတော့မယ်တဲ့"

"ကောင်မလေးအဖေက အကြွေးတွေ မဆပ်နိုင်လို့ ကိုဘုန်းကျော်လက်ထဲ ထိုးထည့်ပေးတာဆိုပဲ"

"အိအိဆိုတဲ့ကောင်မလေးက ဆတ်စလူးစိန် ဓာတ်ဘူးပိန်မလေးပါ။ မယားကြီးမြိုင်နဲ့ဆို နံ့သာဆီနဲ့ အီး

စာမျက်နှာ ၂၅ သို့ ➤

# ယခုဘဏ္ဍာနှစ်မေလအတွင်း ပို့ကုန်ကဏ္ဍ၌ သဘာဝဓာတ်ငွေ့ ချုပ်ပြီးအထည်နှင့် ပြောင်းသီးနှံကို အများဆုံး တင်ပို့ခဲ့ရ

**ရန်ကုန် ဇွန် ၂၆**

ယခုဘဏ္ဍာနှစ် မေလအတွင်း ပို့ကုန်ကဏ္ဍ၌ သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်နှင့် ပြောင်းသီးနှံကို အများဆုံးတင်ပို့ခဲ့ရကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

မြန်မာ့ပြည်ပပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန် ပစ္စည်းအုပ်စု၊ တိရစ္ဆာန်ထွက်ကုန် ပစ္စည်းအုပ်စု၊ ရေထွက်ကုန်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုနှင့်အခြားသောပို့ကုန်ပစ္စည်းအုပ်စုဟူ၍ ပို့ကုန်ပစ္စည်းအုပ်စုခုနစ်စုဖြင့် ပြည်ပသို့တင်ပို့ရောင်းချပေးခဲ့ရာ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုမှ သဘာဝဓာတ်ငွေ့၊ စက်မှုကုန်ချောပစ္စည်းအုပ်စုမှ ချုပ်ပြီးအထည်နှင့် လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုမှ ပြောင်းသီးနှံကို အများဆုံးတင်ပို့ခဲ့ရကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် သဘာဝဓာတ်ငွေ့ကို အမေရိကန်ဒေါ်လာ ၂၇၂ ဒသမ ၄၄ သန်းဖြင့် အများဆုံးတင်ပို့ခဲ့ရပြီး ချုပ်ပြီးအထည်များကိုအမေရိကန်ဒေါ်လာ ၂၆၉ ဒသမ ၈၃၉ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့ခဲ့ရကာ ပြောင်းသီးနှံကိုအမေရိကန်ဒေါ်လာ ၆၉ ဒသမ ၃၉၃ သန်းဖြင့် တတိယအများဆုံးတင်ပို့ခဲ့ရကြောင်း သိရသည်။

ထို့အတူ မေလအတွင်းတွင် ပဲတီစိမ်းကို အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၂၈၁ သန်းဖြင့် စတုတ္ထအများဆုံး တင်ပို့ခဲ့ရပြီး မတ်ပဲကို အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၃၉၉ သန်းဖြင့် ပဉ္စမအများဆုံးတင်ပို့ခဲ့ရကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

(၁၁၆)



▶ စာမျက်နှာ ၂၄ မှအဆက်

ဒီကောင်ဝင့်ပြန်လည်မှာ မယုံကြည့်နေ"

မြိုင့်နားထဲ ကိုဘုန်းကျော်နဲ့ပတ်သက်တဲ့စကားလုံးများစွာ ရောက်လာခဲ့ပေမဲ့ မြိုင်မတုန်လှုပ်ပြီ။ သားတွေမျက်နှာမထောက်သူလို့တောင် အပြစ်မဆိုချင်လောက်အောင် မြိုင့်နှလုံးနာလှပါတယ်။

ကိုဘုန်းကျော်လိုလူစား ရွှေထမင်း၊ ငွေထမင်းတွေ နေ့တိုင်းစားရမယ် ယူပါလားဆိုရင်တောင် မြိုင်ကြောက်လှလွန်းလို့ မတွေးဝံ့ပါပြီ။ သံယောဇဉ်ဆိုတာ ထိခိုက်ခံစားရလွန်းတဲ့ဒဏ်ရာ နက်ရင်နက်သလို အမြစ်ပါမကျန် ကျွတ်ထွက်သွားတတ်တာမျိုးပါ။ လှုပ်ပါများရင်နဲ့၊ နဲ့ပါများရင် ကျိုးပျက်တတ်တာ မြိုင့်လက်တွေ့။ မြိုင့်အချစ် သံယောဇဉ်တွေအားလုံး သားတွေဆီမှာ။ သားငယ်လေးကိုတော့ သနားချစ်ပါအဆစ်ပိုရတယ်။ အိအိနဲ့ ကိုဘုန်းကျော်လက်ထပ်မယ်ဆိုတော့မှ တရားဝင်ကွာရှင်းပြီး လင်ခန်းမယားခန်းပစ္စည်းတွေခွဲကြပြုကြ။ ပစ္စည်းတွေမခွဲခင် ရှေ့နေတွေနဲ့အတူ မြိုင်နဲ့ ကိုဘုန်းကျော် တွေ့ဆုံရပါသေးတယ်။

သားကြီးကို ကိုဘုန်းကျော်က ပွေ့ဖက်နမ်းရှိုက် အသိအမှတ်ပြုတဲ့အချိန် အမှတ်မထင်မြင်သွားရှာတဲ့ သားငယ်လေးက မြိုင့်ကို တိုးတိုးလေးကပ်မေးရှာတယ် "မေမေ အဲဒါ သားဖေဖေလား"တဲ့။ "သားဖေဖေအစစ်မှအစစ်ပါသားရယ်"လို့ပြောရင်း မြိုင်မျက်ရည်တွေကျရတာ။ သားလေးကို စိတ်ဒဏ်ရာရသွားမှာစိုးလို့ မြိုင်ချီပြီး မြိုင့်မိဘ နှစ်ပါးလက်ထဲအပ်ကာ သေချာမှာရသေးတာ။ သားငယ်လေးအတွက် မြိုင်ကျတဲ့မျက်ရည်ဟာ ကျိန်စာဖြစ်ပြီး ကိုဘုန်းကျော်မစူးပါစေနဲ့။

နှစ်တွေကြာပေမဲ့ ဒီအဖြစ်ဒီမြင်ကွင်းတွေဟာ မြိုင့်အတွက်၊ မြိုင့်သားငယ်အတွက် ဆူးကြထားတဲ့ ဘဝစာမျက်နှာ။ သားရယ်လို့အသိအမှတ်ပြုခံရခြင်းမရှိတဲ့ သားငယ်ကျော်သူရဟာ သေသွားပြီဖြစ်တဲ့သူ့ဖေဖေကို မမြင်ချင်တာ၊ အိအိအိမ်မသွားချင်တာ မလွန်ပါဘူးလေ။

(၅)

"မေမေ ဖေဖေသေတာ အဆိပ်သောက်သေတာ ဟုတ်ချင်မှဟုတ်မှာ"

သားကြီးကျော်သီဟက သူ့ဖေဖေသေနေတာသွားကြည့်ပြီး ပြောလာတဲ့စကား။

"အလောင်းကိုတော့ စစ်ဆေးသူတွေလာစစ်နေတယ်။ သားတို့သွားတော့ ဟိုမိန်းမ ဟိုကလေးဖက်ပြီး အသံအကျယ်ကြီးနဲ့ငိုနေတာ။ လုပ်ငိုနေတာ သိသာတယ်"

သားငယ်ကျော်သူရ ပြောလိုက်တဲ့စကား။

"အင်းလေ ဘာပဲပြောပြော အဖြေမှန်ဆိုတာ တစ်နေ့ပေါ်လာမှာပဲလေ။ အလောင်းမြေချတဲ့နေ့ တစ်ခေါက်သွားကန်တော့ကြပေါ့"

"မြိုင်ရေ မြိုင်"

"ဟယ် မိတို့ပါလား"

မြိုင်တို့ကွာရှင်းကြတုန်းက ကွာရှင်းစာချုပ်လုပ်ပေးပြီး အသိသက်သေလုပ်ပေးတဲ့ ရှေ့နေဇနီးမောင်နှံ။ အဲဒီကတည်းက မြိုင်နဲ့ရှေ့နေလုပ်သူကိုသာထက်ဇနီးမိတို့ ခင်လာကြတာပါ။

"ဒီမှာ ကိုဘုန်းကျော်ပေးသွားတဲ့စာချုပ်စာတမ်းလာပို့တာမြိုင်ရေ"

"ဟင်. . . "

မိတို့ဇနီးမောင်နှံကို တည်ခင်းဧည့်ခံစကားပြောပြီးနောက် ပြန်သွားတဲ့အခါ မြိုင့်လက်ထဲမှာ သားကြီးနဲ့သားငယ်အတွက် ကိုဘုန်းကျော်မိဘတွေရဲ့အမွေတွေကို တစ်ယောက်တစ်ဝက်ဆက်ခံခွင့် အမွေလွှဲစာချုပ်။ နောက်မိန်းမနဲ့ မွေးထားတဲ့ ဟိုကလေးကရော။ မသေခင် မြိုင့်သားငယ်ကို သူ့ကလေးလို့ အသိအမှတ်ပြုသွားတာလား ကိုဘုန်းကျော်။ မြိုင့်အတွက် အတွေးများစွာ။ ဘယ်လိုတွေများဖြစ်ခဲ့လို့ပါလိမ့်။

ကိုဘုန်းကျော်အသုဘဟာ မြိုင်တို့မြို့မှာ လူအစည်ဆုံး။ သားကြီးနဲ့ သားငယ်ကန်တော့အပြီးမှာ ကိုဘုန်းကျော်ဦးလေးဖြစ်သူ ဦးအုန်း မြိုင့်ကိုလာပြောမှ မြိုင်ဇာတ်ရည်လည်ရတော့တာပါ။ ကိုဘုန်းကျော်မသေခင်က အိအိခြေလှမ်းတွေလိုက်ကြည့်ရင်း ခြေလှမ်းမဟန်တာရိပ်မိပြီးပြောတော့ အကြီးအကျယ်ရန်ဖြစ်ကြရင်း မွေးထားတဲ့ကလေးဟာလဲ သူ့ရင်သွေးဟုတ်ချင်မှဟုတ်မှာဆိုတဲ့အတွေးနဲ့ မိဘအမွေတွေမှန်သမျှ မြိုင့်သားနှစ်ယောက်ကို အကုန်စာချုပ်ချုပ်ပြီး လွှဲပေးခဲ့တော့တာပါ။ အသိသက်သေနေရာမှာ ကိုဘုန်းကျော်၊ ဦးလေးဦးအုန်းလက်မှတ်လဲ ထိုးထားခဲ့တာမို့ ဒီအကြောင်းတွေ ဦးအုန်းအကုန်သိနေတာပါ။

"ကျွန်တော့်ဘဝမှာ အမှားတွေများခဲ့ပါတယ်။ အမှားတွေထဲမှာမှ ကျွန်တော့်သားကို ကျွန်တော့်သားမဟုတ်ဘူးလို့ အမှောင်ပိတ်တစ်ဖက်သတ်ဆန် တစ်ယူသန်လုပ်ခဲ့မိတဲ့အမှားက အဆိုးဆုံးပါပဲ။ ကျွန်တော့်သားကိုတောင်းပန်ရအုံးမယ်။ မိုက်မဲတဲ့ဖေဖေပေါ့ဗျာ။ မြိုင်ကတော့ ကျွန်တော့်ကို ဘယ်လောက်ထိမုန်းနေမလဲမသိပါဘူး။ သူ့အချစ်နဲ့မတန်တဲ့သူက ကျွန်တော်ပါ"

ဦးအုန်းဖုန်းထဲမှာ အသံဖမ်းထားတဲ့ ကိုဘုန်းကျော်ရဲ့အသံ။သားငယ်လေးကို နားထောင်စေခဲ့ပါတယ်။ ကိုဘုန်းကျော်သေမယ်ဆိုတာမသိခဲ့ဘဲ သားငယ်ကျော်သူရကို ပေးနားထောင်စေချင်လို့ ဖုန်းထဲမှာ အသံဖမ်းထားခဲ့တဲ့ ဦးအုန်းပါ။ တကယ်တော့ ကိုဘုန်းကျော်အဆိပ်သောက်သေတာမဟုတ်ပါ။ အိအိနဲ့ရန်ဖြစ်ကြရင်း အိအိလင်ငယ်ရောက်လာပြီး ထိုးကြိတ်ကြတာမှာ ခေါင်းဆောင့်မိလို့သတိမေ့နေတဲ့ ကိုဘုန်းကျော်ကို ပိုးသတ်ဆေးတိုက်ပြီး သူ့ဘာသာအဆိပ်သောက်သေတာရယ်လို့ သတင်းလွှင့်ခဲ့ကြတာပါ။ မထင်မှတ်ဘဲ သူတို့လုပ်ရပ်ကိုမြင်ခဲ့သူ အိမ်စောင့်ဦးလေးကြီးက ဦးအုန်းကိုပြောပြခဲ့ပြီး တစ်ပတ်အတွင်း လူသတ်မှုနဲ့ အိအိကောအိအိနဲ့ဖြစ်တဲ့လင်ငယ်ပါ အဖမ်းခံခဲ့ရပြီးပါပြီ။

တကယ်လို့များ ကျန်ခဲ့တဲ့ကလေးလေးဟာ ကိုဘုန်းကျော်သွေးအစစ်ဖြစ်ရင်တော့ မြိုင့်သားတွေဆီကအမွေကို မျှခွဲပေးမယ်လို့စိတ်ကူးမိပါတယ်။ မြိုင့်သားငယ်လေးနဲ့ ထပ်တူကိုယ်ချင်းစာမိလို့ပါ။ သူ့ခမျာ အမေမိုက်က လူသတ်သမား၊ အဖေကသေဆိုတော့ မြိုင်ဆက်တွေးနေဆဲ မောင်လေး မင်းမင်းထွန်းက-

"မမြိုင် မမြိုင်။ မိုးတွေရွာနေပြီလေ။ လာ ကားဆီသွားရအောင်။ သီဟတို့၊ သူရတို့တောင် ကားပေါ်ရောက်နေပြီ"

"ဪ. . . အေးအေး"

ချစ်ခြင်းမေတ္တာမှာ ဝဋ်ဆိုတာတကယ်ပဲလည်တတ်ပါတယ်။ မြိုင်နာကျင်ရသလို ဘယ်သူမှမနာကျင်စေချင်တော့ပါ။ ချစ်ခြင်းဖြင့် အပြစ်ကင်းကြပါစေ။

## ထူးလှသကို လဝါဆို

\- ပြဇ္ဇာသာဌ် စန်းယှဉ်လတ်
ကရကဋ် ခါရာသီ၊
ပဠွင်းခံ နှစ်စဉ်အမြဲ
နွှဲကြလေပြီ၊
ပုန်းညက်ပန်း သင်းထုံကြည်
ဆင်းဂုဏ်ရည် တင့်ဆန်း၊
တို့ပြည်ရွာ အလှထူးတယ်
ပျော်မြူးရွှင်လန်း။

\- ခါဝသန် မိုးစက်ဖျန်းတော့
နေကြာနှမ်း လန်းပြုံကွယ်၊
မြကမ္ဗလာ မြေပဲခင်းတွေ
ကျယ်ဝန်းလှတယ်၊
စိမ်းလန်းတဲ့ ယာတောအလယ်
သာမောဖွယ် ပျော်မဆုံး၊
တောင်သူတွေ အားအင်ရှိတယ်
ပီတိတွေဖုံး။


\- သဒ္ဓါဖြူ စိတ်နှလုံးနဲ့
စည်းလုံးကြ တို့တိုင်းပြည်၊
လက်မကွာ ရေစင်လောင်းတယ်
စုပေါင်းတူညီ၊
မြတ်ဗုဒ္ဓ မှန်းဆရည်
ဝါဆိုအမည် ထိုသင်္ကန်း၊
ပင့်ဆောင်ရာ သံဃာမြတ်ကို
ဆက်ကပ်လှူဒါန်း။

\- သာသနာ ရွှေရောင်လွှမ်းသည့်
အံ့မခန်း တို့ပြည်ရွာ၊
ဗုဒ္ဓအမွေ လက်ကမ်းဆက်တယ်
နွယ်ယှက်ဝေဆာ၊
မျိုးမြင့်မြတ် ပြည်မြန်မာ
ဤကမ္ဘာ နှိုင်းတုကင်း၊
ဘဝအဖုံဖုံ
အလှတွေကစုံသကို
လဝါဆို ထူးပေစွကွယ်
ချမ်းမြဘိခြင်း။ ။

**စန်းထက်(ဖန်ခါးမြေ)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# လူချစ်ဆေး

**ဇော်လေး**

**နိဒါန်း**

လူချစ်ဆေးဆိုလို့ ဘာများလဲမှတ်တယ်။ လက်စသတ်တော့ **"ဟာသ"**ကို ပြောတာကိုး။ မှန်ပါတယ်ခင်ဗျာ။ ဟာသအနုပညာရဲ့ ပရိသတ်ကို ချစ်ခင်နှစ်သက်အောင် ဆွဲဆောင်နိုင်စွမ်းရှိပုံတွေ မှတ်မိသမျှ တင်ပြလိုခြင်းဖြစ်ပါတယ်။

စာရေးသူတို့ ကလေးဘဝ ကျေးလက်တောရွာမှာ နေခဲ့စဉ်မှာ ရယ်စရာ၊ မောစရာပြောတတ်ပြတတ်သူတွေကတော့ အလှူပွဲမှာ ငှဲ့ခံဆိုင်းလာတီးတဲ့ ဆိုင်းအဖွဲ့က နောက်ထလူရွှင်တော်များရဲ့ ပြက်လုံးတွေ၊ ဘုရားပွဲ၊ ဇာတ်ပွဲတွေမှာ လာရောက်ကပြတဲ့ ဇာတ်အဖွဲ့က လူရွှင်တော်၊ လူပြက်တွေ နှစ်ပါးသွားမှာ ပရိသတ်ကို ပျော်တော်ဆက်ကြတာ မှတ်မှတ်သားသား သတိရစရာပါပဲ။ ကျေးလက်တောရွာမှာတော့ ပဲစိုက်ရင်း၊ ပေါင်းလိုက်ရင်း၊ မြေပဲနုတ်ရင်း စုစုဝေးဝေး ကာလသား၊ ကာလသမီးများ အတူတကွ ဆုံစည်းကြတဲ့အခါ တစ်ယောက်တစ်ပေါက် စိတ်ကူးရရာ လျှောက်ပြောတတ်ကြတယ်မဟုတ်လား။ အဲဒီအခါမှာ ဇာတ်ပွဲ၊ ဆိုင်းပွဲက လူပြက်တွေ ရယ်စရာပြောခဲ့ကြတာ အလှည့်ကျစားမြုံ့ပြန်ကြတာပဲလေ။ အားလုံး ရယ်မောစေတယ်။

**အသံနဲ့**

ဟာသဆိုတာ အသံနဲ့ဖြစ်စေ၊ ရုပ်နဲ့ဖြစ်စေ၊ အကြောင်းအရာအခြေအနေ ဖော်ပြချက်နဲ့ဖြစ်စေ၊ ကြားသူ၊ ကြည့်သူကို ရယ်မောစေအောင်လုပ်ဆောင်တဲ့ အနုပညာပေါ့။ သဘင်ပညာထဲမှာ ဟာသအနုပညာကလည်း တိမ်မယောင်နဲ့ နက်တယ်။ လွယ်မယောင်နဲ့ ခက်တယ်။ သဘင်ပညာထဲမှာ မျက်ရည်ကျလောက်အောင် ပရိသတ်လွမ်းဆွေးရင်နင့်ဖြစ်စေနိုင်တဲ့ မင်းသား၊ မင်းသမီးများရှိကြပါတယ်။ တော်တယ်နော်။

အဆိုတော် ခင်ခင်ညွန့်ဆိုတဲ့ (ဆရာရွှေတိုင်ညွန့် ရေးသားသီကုံးတဲ့) စုံတောမြိုင်သီချင်း၊ တင်တင်မြ သီဆိုတဲ့ တဝဂ္ဂသီချင်း၊ မာမာအေးသီဆိုတဲ့ လက်ျာတော်ရံ အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံဝင်ခန်းသီချင်း စတဲ့တေးသီချင်းများဟာ အေးအေးချမ်းချမ်း၊ တိတ်တိတ်ဆိတ်ဆိတ်အခြေအနေမှာ သေသေချာချာအာရုံခံစားပြီး နားထောင်ကြည့်ရင် မျက်ရည်ဝဲလောက်အောင် ကြေကွဲလွမ်းဆွတ်စရာ တွေ့ရပါလိမ့်မယ်။ လွမ်းရတဲ့အရသာဟာ ချိုမြိန်တဲ့အနုပညာရသတစ်မျိုးပါပဲ။

အချဉ်၊ အငန်၊ အစပ်လိုပဲ ဟာသအနုပညာကလည်း စားသုံးသူကို နှစ်သက်စွဲလမ်းအောင် ဆွဲဆောင်နိုင်တာ အမှန်ပါပဲ။ တောမှာတော့ ဒေသခံဆိုင်းအဖွဲ့၊ ဇာတ်အဖွဲ့က လူရွှင်တော်ရယ်စရာပြောတာလောက်နဲ့ ကျေနပ်ခဲ့ကြရတယ်။ ငယ်ငယ်တုန်းက။

**ပြက်လုံး**

နည်းနည်းသိတတ်တဲ့အခါ ဓာတ်စက်ဓာတ်ပြားတွေက လူရွှင်တော်ပြက်လုံးတွေ၊ မြန်မာ့အသံက ဟဒယရွှင်ဆေးဆိုတဲ့ လူရွှင်တော်ပြက်လုံးတွေက ပိုကောင်းတယ်ထင်မိလာပါတယ်။ သို့ရာတွင် စိန်အောင်မင်း၊ အောင်မောင်း၊ ရွှေမန်းတင်မောင်၊ ပန်တျာကြည်လင် အစရှိတဲ့ ဇာတ်ထုတ်ဓာတ်ပြားတွေထဲမှာ ဓာတ်ဆီ-ဓာတ်ဆန် ဟာသပြက်လုံးများလောက် ရယ်ရပြုံးရတာတော့ မှတ်မှတ်ရရသိပ်မရှိလှ။

မန္တလေးအငြိမ့်လောက ၁၉၇၀ ဝန်းကျင် တွေ့မြင်ခွင့်ရတဲ့ အငြိမ့်လူရွှင်တော်များကတော့ မင်းသမီးမကဘဲ လူပြက်တွေချည်း တစ်ညလုံး ပြောနေ၊ ပြက်လုံးထုတ်နေတာကို ပိုသဘောကျရလောက်အောင် ကောင်းမွန်ကြပေတယ်။ သူ့ခေတ်သူ့အခါ ဗဟုသုတလည်း ပြည့်ဝကြတယ်။ အငြိမ့်အဖွဲ့ ၃၀၊ ၄၀ လောက်ရှိလေတော့ သူ့ထက်ငါအပြိုင်အဆိုင်ပိုကောင်းအောင် ကြိုးစားအားထုတ်ကြတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ လူရွှင်တော်နာမည်ကိုရွေးပြီး ဘယ်လောက်ဝေးဝေး အဲဒီအငြိမ့်စင်ရှိရာဆီသို့ ရောက်အောင်သွားပြီး အားပေးခဲ့ပါရဲ့။ ပေါ်စံ-သိန်းဆု၊ သောင်းဒန်-ဂျော်လီ၊ ဩဘာ-တက်တိုး၊ ရန်အောင်-ကျောက်နီ စသဖြင့် လူရွှင်တော်လူကျော်လူမော် အလွန်ရယ်အောင် ဖမ်းစားနိုင်တဲ့ ဟာသပညာရှင်တွေဟာ တကယ့်ကိုအများကြီးပဲခင်ဗျာ။ နှစ်သက်ပျော်ရွှင်ရုံမက ချစ်ခင်လေးစားခဲ့ရပါတယ်။ ဟာသ၊ ဟာသ။

> ❖ မန္တလေးအငြိမ့်လောက ၁၉၇၀ ဝန်းကျင် တွေ့မြင်ခွင့်ရတဲ့ အငြိမ့်လူရွှင်တော်များကတော့ မင်းသမီးမကဘဲ လူပြက်တွေချည်း တစ်ညလုံး ပြောနေ၊ ပြက်လုံးထုတ်နေတာကို ပိုသဘောကျရလောက်အောင် ကောင်းမွန်ကြပေတယ်။ သူ့ခေတ်သူ့အခါ ဗဟုသုတလည်း ပြည့်ဝကြတယ်။ အငြိမ့်အဖွဲ့ ၃၀၊ ၄၀ လောက်ရှိလေတော့ သူ့ထက်ငါ အပြိုင် အဆိုင် ပိုကောင်းအောင်ကြိုးစားအားထုတ်ကြတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ လူရွှင်တော်နာမည်ကိုရွေးပြီး ဘယ်လောက်ဝေးဝေး အဲဒီအငြိမ့်စင်ရှိရာဆီသို့ ရောက်အောင်သွားပြီး အားပေးခဲ့ပါရဲ့။ ❖

**ရုပ်ရှင်**

ရုပ်ရှင်လောကမှာတော့ ဖိုးပါကြီး၊ ကြယ်နီ၊ ကျွန်တော်ချစ်မောင်၊ သာဂေါင်၊ သန်းနွဲ့၊ သောကြာ၊ ဂျော်လီဆွေ၊ စိန်မြင့် စသဖြင့်ပေါ့။ နိုင်ငံခြားဇာတ်ကားမှာလည်း ဟာသကားက ရှားတယ်။ ချာလီချက်ပလင်ကတော့ အဖြူ၊ အမည်း အသံတိတ်ခေတ်မှသည် ယနေ့ထိ နှစ်ပေါင်း ၁၀၀ လောက် ပရိသတ်ရယ်အောင် လုပ်နိုင်တုန်းပဲနော်။

လူရွှင်တော်သုံးယောက်လည်း ရယ်ရတယ်။ ဝဝ ခေါင်းတုံးနဲ့ လူလုံးလူဖန်ထွားထွားက မိုးတဲ့ဟုတ်လား။ ဂျိုးနဲ့ အယ်မီရယ်။ ဂျယ်လီလူးဝစ်၊ ဒင်းမာတင်၊ နော်မန်ဝစ်စဒမ် စတဲ့ဟာသမင်းသားတွေပါတဲ့ အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်တွေလည်း ကြည့်ခဲ့ရပါတယ်။ ချာလီချက်ပလင်လောက်တော့ ဟက်ဟက်ပက်ပက် ပါးစပ်ဖြဲမရယ်ရပါဘူး။ ကုလားကားဟာသ၊ တရုတ်ကားဟာသတွေကမှ ပိုပြီးရယ်စရာကောင်းကြပါသေးတယ်။ ယဉ်ကျေးမှုနောက်ခံသဘောက တော်တော်လွှမ်းမိုးကြီးမားတယ်ဆိုတာ ကြီးလာတော့ သတိထားမိတယ်။ အရှေ့တိုင်းနဲ့ အနောက်တိုင်းရဲ့ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းတွေက ကွဲပြားကြတယ်လေ။ ၁၉ ရာစုလောက်ရောက်မှသာ အနောက်တိုင်းယဉ်ကျေးမှုက ထိုးဖောက်လွှမ်းမိုးလာခဲ့တာပေကိုး။

**စာပေ**

ဝတ္ထုတို၊ ဝတ္ထုရှည် စာပေဖန်တီးမှုမှာလည်း မြန်မာစာပေမှာ ဟာသစာပေသန့်သန့် ရေးသားရပ်တည်နိုင်တဲ့ စာရေးဆရာနည်းခဲ့ပါတယ်။ မှတ်မိသလောက် တင်ပြရရင် မိုးဟိန်း၊ ဇဝန၊ သော်တာဆွေ၊ သိပ္ပံမောင်ဝ (အချို့ဆောင်းပါးမှာ ဟာသနှင့် သရော်စာသဘောရှင်တယ်လေ)၊ ကြပ်ကလေး၊ ကြူမွှေး၊ အီကြာကွေး၊ အကြည်တော်၊ ဇင်အောင်၊ ဆရာမောင်ထင်တို့၊ မောင်သော်က၊ မောင်ကိုယုတို့လည်း သောတဲ့ထေ့တဲ့စာမျိုးတွေ ရေးတတ်ကြပါတယ်။

ဆရာဇဝန၊ သော်တာဆွေ၊ ကြပ်ကလေးတို့ရဲ့ ဟာသတွေကတော့ မရိုးနိုင်ဘူး။ ပြန်လည်ထုတ်ဝေနေကြတာလည်း တွေ့ရပါတယ်။

**စာပေဟောပြော**

စာပေဟောပြောပွဲတွေမှာ ဟာသစာရေးဆရာ ထိပ်သီးဖြစ်ပေမယ့် ဆရာသော်တာဆွေက စင်ပေါ်မှာတော့ ဟာသတွေပွဲကျအောင် သိပ်ပြီးပြောလေ့မရှိဘူးလို့ သိရတယ်။ စာရေးသူမှတ်မိသလောက် စာပေဟောပြောပွဲတွေမှာ ပရိသတ်မှတ်မှတ်ရရ ရယ်မောပျော်ရွှင်သွားရအောင် ဟာသဇာတ်ကွက်မျိုး၊ စကားလုံးမျိုး၊ စာသားမျိုးကို ပြောတတ်ပြောနိုင်သူတွေကတော့ ဆရာကြီးမောင်ထင်၊ ဆရာရန်အောင်၊ မောင်ဆုရှင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်သော်က၊ မောင်ကိုယု၊ လင်းယုန်မောင်မောင်၊ ဇော်မုံညင်း စတဲ့ ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြပါတယ်။ တန်ဖူးပွတ္တိ ညဏ်၊ ဇဝနညဏ်။

တကယ်တော့ အတီးမပါ၊ အကမပါ၊ အဆိုမပါ နောက်ခံကား (ပို့ပေးတဲ့နန်းကား၊ မြို့ကား၊ တောကား စတဲ့ ပန်းချီမြင်ကွင်းကျယ်ဇာတ်ကားကြီးများ ချပေးခြင်း) ဘာအထောက်အပံ့မှမပါဘဲ မတ်တတ်ရပ်ရင်း ရယ်အောင်၊ လွမ်းအောင်စကားပြောခြင်းတစ်ခုတည်းနဲ့ ပရိသတ်လူပုံအလယ်မှာ တစ်ကိုယ်တော်ဟောပြောရတာက တော်တော်ခက်ခဲနက်နဲလှတဲ့ ပညာတစ်ရပ်ပါ။

**မလွယ်ကူ**

စာရေးကောင်းတိုင်းလည်း စာပေစင်မြင့်ပေါ်မှာ အပြောမကောင်းကြဘူး။ စာရေးတဲ့နေရာမှာလည်း ထူးချွန်ပြောင်မြောက်သလို စင်ပေါ်မှာဟောပြောတဲ့အခါမှာလည်း ပရိသတ်အာရုံကို ဖမ်းစားနိုင်လောက်အောင် ပြောတတ်၊ ဟောတတ်တဲ့ပုဂ္ဂိုလ်မျိုးက ရှားပါးပါတယ်။ အဲဒီရှားပါးတဲ့ အဟောအပြော ထူးချွန်ကြသူတွေထဲမှာ ပရိသတ်ကို ပါးစပ်စေ့မနေရအောင်၊ အူနာလောက်အောင် (မျက်ရည်ကျလောက်အောင်) ရယ်စရာပြောနိုင်စွမ်းရှိသူတချို့လည်း ရှိပါတယ်။ စာပေသမားများ သိကြပါတယ်။ ဆရာကြီး လယ်တွင်းသားစောချစ်၊ ဆရာပျဉ်းမနားမောင်နီသင်း၊ ဆရာရန်အောင်၊ ဆရာမကြီးဇော်မုံညင်း၊ အီကြာကွေး၊ အကြည်တော် စတဲ့ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြပါတယ်။

အငြိမ့်လူရွှင်တော်၊ ဇာတ်ပွဲလူရွှင်တော်၊ ဆိုင်းနောက်ထ စတဲ့ဟာသပြောသူများထက် စာရေးဆရာဆိုတဲ့ ပုဂ္ဂိုလ်များကိုတော့ ပေါ့ပေါ့ပါးပါး၊ ပြက်တီးပြက်ချော်တွေကို မပြောလောက်ဘူးလို့ အဆင့်မြင့်ပြီး ကြိုတွေးခံထားကြတာမဟုတ်လား။ ဗရွတ်ရွတ်တ ပြောလို့မရ။ ဘယ်လိုအခြေအနေ၊ ဘယ်လိုနေရာ၊ ဘယ်လိုပရိသတ်မျိုးကို စင်ပေါ်က ဟောပြောရချိန်မှာ ပိုင်ပိုင်နိုင်နိုင် စွဲကိုင်သိမ်းကျုံးပြီး ရယ်မောအောင် မော်ဆရာပမာ လုပ်နိုင်ကြသူတွေလည်း ရှိပါသေးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးထဲမှာ ၁၉၅၉ ခုနှစ်က ညဏ်ကြီးရှင်ဖြေဆိုပွဲ တစ်ခု ကျင်းပတယ်။ အဲဒီညဏ်ကြီးရှင်ဖြေဆိုပွဲ အကြောင်း ဆရာအောင်သင်း အမှတ်တရ ရေးသားခဲ့ပုံလေး ကူးယူဖော်ပြခဲ့ပါရစေ။

ပညာအားဖြင့် (အထူးသဖြင့် စာပေနယ်တွင်) လူသိများသော ပုဂ္ဂိုလ်ကျော်များကို ပင့်ဖိတ်ပြီး သိလိုရာ ရာ မေးခွန်းများကို မေးတတ်ကြပါသည်။ မေးခွန်းများမှာ အလေးအနက်တွေလည်း ပါတတ်သည်။ ပေါ့ပေါ့ပါးပါး ရယ်စရာမောစရာတွေလည်း ပါတတ်သည်။ ကျောင်းသားပရိသတ် အလွန်စိတ်ဝင်စားကြသော ပွဲဖြစ်ပါသည်။

ထိုညကပါဝင်သော 'ညဏ်ကြီးရှင်' များမှာ ခြောက်ယောက်လောက်ရှိမည်ထင်သည်။ သို့သော် ကျွန်တော်မှတ်မိသမျှမှာ **ဦးသိန်းဖေမြင့်၊ ဆရာမောင်ထင်၊ ဆရာကြီးဦးရန်အောင်နှင့် ဗိုလ်ဗကို** တို့ဖြစ်သည်။ ကျန်တာတွေကိုတော့ မမှတ်မိတော့ပါ။ (နှစ်ပေါင်းကလည်း ၄၀ ကျော်ခဲ့ပါပြီ)။

အမေးအဖြေတွေကို မှတ်မိသလောက် ပြောလိုက်ရပါဦးမည်။

ဆရာမောင်ထင်ကို မေးလိုက်သောမေးခွန်းက "ဆရာခင်ဗျာ ကျွန်တော်တို့ ဘီအေ၊ ဘီအက်စီဘွဲ့ရသောသူများသည် မည်သည့်အချိန်အခါလောက်တွင် ဆိုက်ကားနင်းရမည်ဟု မှန်းဆမိပါသလဲခင်ဗျာ"တဲ့။

အခမ်းအနားမှူးက ထိုမေးခွန်းကို ဖော်ပြလိုက်သည်နှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုလုံး အုန်းခနဲ ပွဲကျသွားပါသည်။ ဆရာဦးထင်ဖတ်ဖြေလိုက်ပုံကိုလည်း မှတ်မိသမျှအကျဉ်းချုပ်ပြီး ပြောလိုက်ရပါဦးမည်။

"ကျုပ်ကတော့ ခင်ဗျားတို့ ဘီအေ၊ ဘီအက်စီတွေ ဆိုက်ကားနင်းရမယ့်ခေတ်ကို မကြာခင်ရောက်တော့မယ်ထင်တာပဲ။ (ဝါးခနဲ ပွဲကျသွားပြန်ပါသည်) ကျုပ်ကတော့ မြန်မြန်ရောက်စေချင်လှပြီ။ (ရယ်ကြပြန်ပါသည်) ဘာကြောင့်လဲဆိုတော့ မောင်တို့က ပညာတတ်တွေမဟုတ်လား။ ဒီတော့ ညဏ်ထုတ်လာကြလိမ့်မယ်။ ဆိုက်ကားကို သက်သက်သာသာနဲ့ နင်းလို့ရအောင်၊ ခရီးတွင်အောင်၊ ဆိုက်ကားစီးတဲ့သူ သက်သာအောင် စဉ်းစားတီထွင်လာကြလိမ့်မယ်။ **ပညာအခြေခံကောင်းကောင်းရထားတဲ့သူဟာ ဘာအလုပ်ကိုလုပ်ရသည်ဖြစ်စေ အဲဒီလုပ်ငန်းကို ပိုပြီးတိုးတက်လာအောင်၊ ကောင်းသည်ထက်ကောင်းလာအောင် လုပ်နိုင်ကြတာချည်းပါပဲ။** ဒီတော့ ကိုရင်တို့က ကျောင်းနေခိုက်မှာ ပညာအခြေခံတွေကို အစွမ်းကုန်ရနိုင်အောင် ကြိုးစားကြစမ်းပါ။ ခုတလော ဆိုက်ကားစီးရတာ ခါးနာလွန်းလို့ မောင်ရင်တို့ဆိုက်ကားခေတ်ကို မြန်မြန်ရောက်အောင် လုပ်ကြစမ်းပါလို့ တိုက်တွန်းခဲ့ပါတယ်။ (ရယ်သံရော လက်ခုပ်သံပါ ဟည်းသွားပါသည်)

(ဆရာဦးထင်ဖတ်ပင်လျှင် မေ့နေလောက်ပါပြီ။ ယခု ဤစာကိုဖတ်မိလျှင်တော့ သတိရမိမည်ထင်သည်)

ဆရာကြီးဦးရန်အောင်ကို မေးသည့်မေးခွန်းကတော့ တစ်ဘာသာဖြစ်သည်။ ကြည့်ပါဦး။

"ဆရာကြီးခင်ဗျာ ယောက်ျားတွေက သတ်သတ်၊ မိန်းမတွေက သတ်သတ်ခွဲထားပြီး အလယ်မှာ အုတ်နံရံကြီး ခြားထားလိုက်မယ်ဆိုရင် ဘယ်သူတွေကစပြီး ဒီ အုတ်နံရံကြီးကို ဖြိုမယ်ထင်ပါသလဲခင်ဗျာ"တဲ့။

စာမျက်နှာ ၂၇ သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၀၂၆၇ ဧက ရိတ်သိမ်းပြီးစီး



**ထီးချိုင့် ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၀၂၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၆၂၀ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ မတ်လထိစိုက်ပျိုးခဲ့ရာ နွေစပါး ၁၀၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ နွေစပါး ၁၀၂၆၇ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နွေစပါးအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ နွေစပါးစိုက်ပျိုးမှုကတော့ လျာထားဧကထက် လျော့နည်းခဲ့ပါတယ်။ လက်ရှိနွေစပါးစိုက်ခင်းတွေ စတင်ရိတ်သိမ်းနေကြပြီ။ ဒီနေ့ထိ နွေစပါး ၁၀၂၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပျမ်းမျှ ၉၇ ဒသမ ၁၅ တင်း ထွက်ရှိပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် နွေစပါး ၁၀၂၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၄ ဒသမ ၉၈ တင်းထွက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇွန် ၂၆**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပွင့်လင်းအေးမြိုင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၄၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဘိုဘို**

# အုတ်ဖိုမြို့နယ် ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းများနှင့် ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၆ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆတ်ပုတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၄၆ ဒသမ ၁၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။**အေးမြတ်**

# မင်းလှမြို့နယ် ခလိုင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းလှ ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခလိုင်းကျေးရွာအုပ်စု ခလိုင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ခလိုင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာ ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က ပြောပြ၍ သိရသည်။

**ကျော်ခိုး**

➤ စာမျက်နှာ ၂၆ မှအဆက်

ကျောင်းသားတွေ အဘယ်မျှပွဲကျသွားမည်ကို စာဖတ်သူမှန်းဆနိုင်လောက်ပါသည်။ ထိုကဲ့သို့ တဝေါဝေါရယ်လိုက်ကြသော်လည်း ဆရာကြီးဦးရန်အောင်မည်သို့ဖြေမည်ကို သိလိုသောကြောင့် ချက်ချင်းပြန်ငြိမ်ကျသွားသည်ကိုလည်း ကျွန်တော်သတိရမိပါသေးသည်။ သတိရနေခဲ့မိသည့်အကြောင်းက ကျွန်တော်လည်း ပရိသတ်ထဲကတစ်ယောက်ဖြစ်နေခဲ့သည်ကိုး။ ဆရာကြီးဖြေပုံကို ကျွန်တော်မှတ်မိသမျှ အကျဉ်းချုပ်ပြောပါဦးမည်။

"ယောက်ျားတွေက သတ်သတ် နောက်ပြီး မိန်းမတွေက သတ်သတ် အင်း. . . ပြီးတော့မှ အလယ်မှာ အုတ်နံရံခြားထားလိုက်ရင် အင်း. . . ဘယ်သူတွေကစပြီး ဒီနံရံကိုဖြိုမလဲ. . . (ဆရာကြီး၏စဉ်းစားနေပုံ အမူအရာကိုကြည့်ပြီး တခွိခွိဖြစ်နေကြပါပြီ) အေးငါထင်တာကတော့ ငါတို့ယောက်ျားတွေကစပြီး ဖြိုမှာပဲကွ"။

မိန်းကလေးတွေ ဝေါခနဲလက်ခုပ်တီးကြပါသည်။ ဆရာကြီးက ဆက်ပြန်ပါသည်။

"ဘာကြောင့်ဖြိုမလဲဆိုတော့. . ."ခဏဆိုင်းထားလိုက်ပြန်ပါသည်။ ဘာပြောမလဲစောင့်ရင်း တခွိခွိရယ်ကြပြန်ပါသည်။

"ဘာကြောင့်ဖြိုမလဲဆိုတော့ မဖြိုရင် ဖြိုအောင် နံရံဟိုဘက်က မိန်းမတွေက အော်ပြီးအားပေးကြမှာကိုးကွ"။

ဒီတစ်ချီမှာတော့ ယောက်ျားလေးတွေ၏ လက်ခုပ်သံများ၊ ရယ်သံများ ဖြစ်သွားပြန်ပါလေသည်။

ဆရာဦးသိန်းဖေမြင့်သည် သူ့ပင်ကိုအားဖြင့် ဟာသစကားပြောတတ်သည်မဟုတ်။ သို့သော် ဟာသကိုတော့ ချစ်တတ်သည်။ ဆရာမောင်ထင်တို့၊ ဆရာကြီး ဦးရန်အောင်တို့ တဝါးဝါးပွဲကျနေသည်ကို တွေ့သောအခါ သူကလည်း နောက်ဘက်က မျက်မှန်တဝင်းဝင်းနှင့် နှစ်မြိုက်စွာရယ်မောနေသည်ကို သတိပြုမိပါသည်။

ဗိုလ်ဇကိုအကြောင်းကို ပြောလိုက်ရဦးမည်။ **'လူထုအောင်သံ'**ရုပ်ရှင်ကားနှင့် နာမည်ကြီးလာသော ဗိုလ်ဇကိုသည် ထိုအချိန်က အောင်မြင်ကျော်ကြားသော မင်းသားတစ်လက်ဖြစ်နေပါလေပြီ။ သူ့ကိုမေးလိုက်သောမေးခွန်းကိုဖြင့် ကျွန်တော်မမှတ်မိတော့ပါလေပြီ။ သို့သော် ဖြစ်ရပ်တစ်ခုကိုတော့ ကောင်းကောင်းကြီးမှတ်မိနေပါသည်။

ရုပ်ရှင်သရုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ဇကိုက ပီပီပြင်ပြင်ရှင်းပြပါသည်။ ထို့နောက် သရုပ်ဆောင်သူ၏ အားထုတ်ရမှုကို ဟန်အမူအရာရော အသံအနေအထားကိုပါ သရုပ်ဆောင်ပြပါသည်။ မင်းသမီးအား ရင်နင့်စွာစကားဆိုဟန်ကို ဇာတ်ပျိုးလာလိုက်ရာ ပရိသတ်ကို စီးမိပြီဟုဆိုနိုင်အောင် ခန်းမကြီးတစ်ခုလုံး ငြိမ်ကျနေပါသည်။ နောက်ဆုံး ဆို့နင့်ကြေကွဲသောအသံနှင့် "မ. . . ခင်တင့်"ဟု ခေါ်လိုက်ရာတွင် ရှေ့တန်း၌ထိုင်နေသော ကျောင်းသားတစ်ယောက်က "ရှင့်"ဟု ထူးလိုက်ရာ အားလုံးဝေါခနဲဖြစ်သွားပါတော့သည်။ ဗိုလ်ဇကိုတင်လာခဲ့သမျှ ပြုတ်ကျသွားပါလေတော့သည်။

ကျွန်တော်တို့လည်း ရယ်မိသည်။ ဆရာဦးသိန်းဖေမြင့်ကိုကြည့်လိုက်တော့ သူလည်း အံ့အားသင့်စွာရယ်မိလျက် ဗိုလ်ဇကိုမည်သို့ပြန်ဆယ်မည်ကို စိတ်ဝင်စားဟန်စောင့်ကြည့်နေသည်ကို ကျွန်တော်သတိထားလိုက်မိပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း စောင့်ကြည့်နေမိသည်။

ဗိုလ်ဇကိုက ထိုကျောင်းသားကို ပြုံးပြုံးကြီးစိုက်ကြည့်နေသည်။ ပြီးမှ -

"ခင်ဗျားလဲ သရုပ်ဆောင်ကောင်းတယ်ဗျာ" စသည်ဖြင့် ရယ်ကာမောကာ နိဂုံးချုပ်သွားပါသည်။

**နိဂုံး**

ဟာသဆိုတာ အဲသလိုပဲ။ စာပေပရိသတ်၊ စာဖတ်ပရိသတ်၊ အထူးသဖြင့် တက္ကသိုလ်အသိုက်အဝန်းက ဆရာများ၊ ကျောင်းသားများ ပညာတတ်လောကနဲ့တွေ့ရတဲ့အခါ ဟာသလေးတွေပါတော့ လေးနက်ခက်ခဲတာတွေကြားမှာ ပေါ့ပါးရွှင်မြူးပြီး အားရပါးရ ရယ်မောသဘောကျစေတာပေါ့။ ရယ်မောခြင်းက လူ့ရဲ့အဆုတ်၊ နှလုံး၊ အစာအိမ်၊ အူသိမ်အူမ၊ ပန်ကရိယ၊ ကျောက်ကပ် အစရှိတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းများစွာကို ကျန်းမာနုပျိုစေပါတယ်။ ပရိသတ်က နှစ်မြိုက်ကြတယ်။ ဟာသကို လူချစ်ဆေးလို့ ကျွန်တော်ပြောတာ မှားသလား၊ မှန်သလားဆရာ။

# အမေရိကန်-တရုတ် ဆက်ဆံရေးအလားအလာ

မောင်သောင်းဝင်း(တမန်ဟောင်း)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဇွန် ၁၈ ရက်မှ ၁၉ ရက်ထိ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။ အမေရိကန်နှင့် တရုတ်တို့အနေဖြင့် အဆင့်မြင့်ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာအာဏာနှင့် လွှမ်းမိုးမှုတို့အတွက် တိုက်ပွဲဆင်နွှဲနေမှုအပေါ်တွင်မူ ပြန်လည်သုံးသပ်ခဲ့ခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး နက်ရှိုင်းစွာသံသယဝင်နေဆဲပင်ဖြစ်သည်။

ဝန်ကြီး အန်တိုနီဘလင်ကန်သည် တရုတ်ခရီးစဉ်အတွက် ရည်မှန်းချက်ကြီးမားစွာ ချမှတ်ထားခြင်းမရှိသော်လည်း တရုတ်သမ္မတရှီကျင့်ဖျင်အပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံစလုံးက အခြေအနေများ ပိုမိုဆိုးရွားလာမှုကို ထိန်းချုပ်သွားနိုင်မည်ဟု မျှော်မှန်းခဲ့ကြသည်။ ဝန်ကြီးအန်တိုနီဘလင်ကန်က အနာဂတ်တွင် ခက်ခဲသောနေ့ရက်များကို ဖြတ်သန်းသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ နှစ်နိုင်ငံဆက်ဆံရေးသည် ဆုတ်ယုတ်လာလျက်ရှိကြောင်း သတိပေးပြောကြားခဲ့သည်။

ဝန်ကြီးအန်တိုနီဘလင်ကန်က နှစ်နိုင်ငံဆက်ဆံရေးအခြေအနေတည်ငြိမ်မှုမရှိသည်မှာ အထင်အရှားပင်ဖြစ်ကြောင်းနှင့် နှစ်ဖက်စလုံးအနေဖြင့် ဆက်ဆံရေးတည်ငြိမ်မှုရှိရေး လုပ်ဆောင်သွားရန်လိုအပ်ကြောင်းကို အသိအမှတ်ပြုခဲ့ကြောင်း၊ ပိုမိုကောင်းမွန်သောဆက်သွယ်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိသောချိတ်ဆက်မှုများ ထူထောင်သွားရေးသည် အရေးပါလျက်ရှိကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် သဘောထားအမြင်ကွဲလွဲမှုများ၊ တွက်ချက်မှုမှားယွင်းနေမှုများကို ဖြေရှင်းသွားရန်နှင့် ပြိုင်ဆိုင်မှုများသည် ပဋိပက္ခကိုသာဖြစ်စေကြောင်းကို နှစ်ဖက်စလုံးက ယုံကြည်လက်ခံထားရှိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးအန်တိုနီဘလင်ကန်၏ တရုတ်ခရီးစဉ်သည် ထိပ်တန်းအဆင့်ပုဂ္ဂိုလ်များအကြား ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုခဲ့သော်လည်း တရုတ်နိုင်ငံသည် အမေရိကန်၏ စစ်ဘက်အချင်းချင်း ပြန်လည်ချိတ်ဆက်မှုလုပ်ဆောင်သွားရေး တောင်းဆိုချက်ကိုမူ ခါးခါးသီးသီးငြင်းပယ်ခဲ့သည်။ နှစ်နိုင်ငံစလုံးက ၎င်းတို့အနေဖြင့် တစ်ဦးကိုတစ်ဦး ဒုက္ခပေးမည့်ရန်သူများမဟုတ်သလို ရင်းနှီးသောမိတ်ဆွေများလည်းမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ဝန်ကြီးအန်တိုနီဘလင်ကန်သည် ဇွန် ၁၉ ရက်တွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် မတူကွဲပြားမှုများကို ဝန်ခံပြောကြားခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများအပေါ် ထင်ယောင်ထင်မှားဖြစ်နေမည်မဟုတ်ကြောင်း၊ သဘောတူညီမှုမရရှိနိုင်သည့် ပြဿနာများစွာရှိနေကြောင်း ဝန်ကြီးအန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်ကလည်း အလားတူကောက်ချက်ချပြောကြားခဲ့သော်လည်း ပြိုင်ဆိုင်မှုများကို ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှုသည် ခေတ်နှင့်ဆီလျော်မည်မဟုတ်ကြောင်းနှင့် ပြိုင်ဆိုင်မှုများသည် အမေရိကန်၏ပြဿနာများနှင့် ကမ္ဘာကြီးရင်ဆိုင်နေရသောစိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်၏ အကျိုးစီးပွားများကို လေးစားတန်ဖိုးထားကြောင်းနှင့် အမေရိကန်ကို စိန်ခေါ်မှုလုပ်ဆောင်သွားမည်မဟုတ်သကဲ့သို့ အမေရိကန်၏နေရာတွင်လည်း အစားထိုးရယူသွားမည်မဟုတ်ကြောင်း၊ အလားတူ အမေရိကန်အနေဖြင့်လည်း တရုတ်နိုင်ငံအပေါ် လေးစားတန်ဖိုးထားသင့်ပြီး တရုတ်နိုင်ငံ၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားများအပေါ် ဒုက္ခမပေးသင့်ကြောင်း ဝန်ကြီးအန်တိုနီဘလင်ကန်ကို ပြောကြားခဲ့သည်။

အာရှဒေသဆိုင်ရာ အမေရိကန်ထိပ်တန်းသံတမန် ဒန်နီရပ်စဲလ်က တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ကို လေးစားတန်ဖိုးထားပြီး အမေရိကန်နေရာတွင် အစားထိုးရယူသွားရန် နည်းလမ်းရှာဖွေမှုမလုပ်ဆောင်သကဲ့သို့ အမေရိကန်အနေဖြင့်လည်း တရုတ်နိုင်ငံကို ထိန်းချုပ်ရန် သို့တည်းမဟုတ် ဟန့်တားသွားရန် ကြိုးစားမှုများမလုပ်ဆောင်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးပြိုကွဲမှုကိုတားဆီးရာ၌ များစွာအရေးပါလျက်ရှိကြောင်း ထောက်ပြပြောဆိုသွားသည်။



နှစ်ဖက်စလုံးသည် ချစ်ကြည်ရေးခရီးစဉ်ကို ထိပ်တိုက်ရင်ဆိုင်မှုဆီသို့ အန္တရာယ်ရှိစွာ ဦးတည်နေသော နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုအတွက် အထောက်အကူတစ်ရပ်အဖြစ် အသုံးချသွားခဲ့ကြောင်း၊ အမေရိကန်နှင့်တရုတ်တို့အနေဖြင့် သဘောထားကွဲလွဲမှုများ၊ အထူးသဖြင့် တရုတ်(တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ သဘောတူညီမှုမရရှိခဲ့သော်လည်း ပြည်သူလူထုသို့ချပြခဲ့သော ထုတ်ပြန်ချက်များသည် အပြုသဘောဆောင်ခဲ့ကြောင်း ဒန်နီရပ်စဲလ်က ထပ်လောင်းပြောကြားခဲ့သည်။

သို့သော် အမေရိကန်နှင့် တရုတ်တို့သည် တစ်ဦးချင်းစီ၏လှုပ်ရှားမှုများနှင့် ရည်ရွယ်ချက်များအပေါ် နက်ရှိုင်းစွာသံသယဝင်လျက်ရှိသည်။ အမေရိကန်ရှုထောင့်ကကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံသည် ၎င်း၏ကမ္ဘာလုံးဆိုင်ရာရပ်တည်ချက်ကို တိုးမြှင့်စိန်ခေါ်လာလျက်ရှိသည်။ အမေရိကန်သည် တရုတ်ထိုးဖောက်နေရာယူလာသောဒေသများ၊ အထူးသဖြင့် အာဖရိကနှင့် အင်ဒို-ပစိဖိတ်ဒေသတို့တွင် ဆက်ဆံရေးတိုးမြှင့်ရန်ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်သည် ယခုနှစ်အတွင်း အဆိုပါဒေသများတွင် အနည်းဆုံး သံရုံးအသစ်ငါးရုံး ထပ်မံဖွင့်လှစ်သွားရန် စီစဉ်ထားရှိသည်။ အမေရိကန်က တရုတ်နိုင်ငံသည် ဖုံးကွယ်ထားသောအကြံအစည်များရှိနေသည်ဟု ယုံကြည်ယူဆထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများတွင် တရုတ်နိုင်ငံ၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဖော်ပြထားသော အစီရင်ခံစာတစ်စောင်ကို ယခုနှစ်အစောပိုင်းက ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာ၌ တရုတ်သည် ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်များတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အလို့ငှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လွှမ်းမိုးသွားရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအင်စတီကျူးရှင်းများ၊ စံနှုန်းများနှင့် တန်ဖိုးထားမှုများကို ပြုပြင်သွားရမည်ဟုယုံကြည်ထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် တရုတ်အနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် စံနှုန်းများသည် အနောက်နိုင်ငံများကို အခွင့်အလမ်းပေးထားကြောင်း၊ လစ်ဘရယ်ဒီမိုကရက်တစ်မူဝါဒများကို ထောက်ခံထားကြောင်းနှင့် တရုတ်နိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအာဏာနှင့် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်ကို ခြိမ်းခြောက်မှုအဖြစ်ရှုမြင်ထားကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

၎င်းအစီရင်ခံစာက တရုတ်နိုင်ငံကို တည်ရှိပြီးမူဝါဒများနှင့်စံနှုန်းများ အာဏာသက်ရောက်မှုချည့်နဲ့လာစေရန်၊ အာဏာရှင်အတွေးအခေါ်နှင့်မူဝါဒများမြှင့်တင်သွားရန်အပြင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တို့ထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးစားပေးဆောင်ရွက်သွားရန် စနစ်တကျလှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း စွပ်စွဲဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင်တိုးတက်မှုနှင့် အုပ်ချုပ်မှုပုံစံများတရားဝင်ဖြစ်လာစေရန် နိုင်ငံတကာဥပဒေနှင့်စံနှုန်းများ၊ အင်စတီကျူးရှင်းများနှင့် တန်ဖိုးထားမှုများ ယိုင်နဲ့လာစေရန် သို့တည်းမဟုတ် ပြန်လည်ပုံဖော်သွားရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အင်စတီကျူးရှင်းများ၏ပွင့်လင်းမြင်သာမှု၊ ထိရောက်မှု၊ လွတ်လပ်မှုနှင့် ချမှတ်ထားသောစံနှုန်းများနှင့် တန်ဖိုးထားမှုများကို ပြုပြင်ဆောင်ရွက်သွားရန် လူ့အခွင့်အရေးနှင့် ဆက်နွှယ်သောကိစ္စများကို စီးပွားရေး၊ နိုင်ငံရေးတို့ဖြင့် လွှမ်းမိုးအသုံးချလျက်ရှိကြောင်း ၎င်းအစီရင်ခံစာ၌ စွပ်စွဲဖော်ပြထားသည်။

သို့သော် တရုတ်နိုင်ငံရှုထောင့်ကမူ အမေရိကန်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ်မှ တဖြည်းဖြည်းဆုတ်ယုတ်ကျဆင်းလာမှုအပေါ် ဆက်လက်ကိုင်စွဲထားကြောင်းနှင့် တရုတ်၏ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ယုံကြည်မှုကင်းမဲ့လာအောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံ၏ တိုးတက်လာမှုများအပေါ် သပ်လျှိုသွေးခွဲဆောင်ရွက်ရန်ကြိုးပမ်းလျက်ရှိကြောင်း ယုံကြည်ယူဆထားသည်။

တရုတ်ထိပ်တန်းသံတမန် ဝမ်ယီက အမေရိကန်အနေဖြင့် တရုတ်ခြိမ်းခြောက်မှုဆိုသောသီအိုရီကို အရောင်တင်နေမှုကိုရပ်တန့်ပြီး အင်အားကြီးမားသောနိုင်ငံသည် ဗိုလ်ကျစိုးမိုးလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအပေါ် ရည်ညွှန်းပြောဆိုနေမှုများကိုလည်း ရပ်တန့်သွားရန် ဇွန် ၁၉ ရက်က တိုက်တွန်းပြောကြားသွားခဲ့သည်။ အနောက်နိုင်ငံများ၏ သမားရိုးကျထုံးစံများဖြင့် တရုတ်နိုင်ငံကို တန်ဖိုးမဖြတ်သင့်ကြောင်း၊ အမေရိကန်အနေဖြင့် တရုတ်နိုင်ငံအပေါ်ထားရှိသောမူဝါဒများ မှန်ကန်မှုနှင့် ကျိုးကြောင်းဆီလျော်မှုရှိ၊ မရှိ အပေါ်မူတည်၍ အမေရိကန်အပေါ်ထားရှိသည့် တရုတ်နိုင်ငံ၏ အမြင်သဘောထားမှာလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဝမ်ယီက ထပ်လောင်းပြောကြားသွားခဲ့သည်။

မည်သို့ပင်ဆိုစေ ပြိုင်ဆိုင်မှုပြင်းထန်နေသော အင်အားကြီးနှစ်နိုင်ငံသည် အပြန်အလှန်သွားရောက်လည်ပတ်မှုများ ပိုမိုလုပ်ဆောင်သွားရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးချင်ကန်းသည် အမေရိကန်သို့လာရောက်လည်ပတ်ရေးဖိတ်ကြားမှုအပေါ် မူအားဖြင့် သဘောတူညီထားရှိပြီး အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယဲလန်အနေဖြင့်လည်း ယခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ရန်စီစဉ်ထားရှိသည်။ ထို့ပြင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တို့ကြား တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်သွားရန်လည်း စီစဉ်လျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဘာလီ၌ပြုလုပ်ခဲ့သည့် G-20 ထိပ်သီးဆွေးနွေးပွဲ၏ ဘေးပန်းဆွေးနွေးပွဲများတွင် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ထိုအချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုအတွက် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ကြား ဘုံနားလည်မှုရရှိရေး အလေးထားဆောင်ရွက်ခဲ့ကြသည်။ ဇွန် ၁၈ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးချင်ကန်းတို့ တွေ့ဆုံဆွေးနွေးမှုပြီးနောက် ပထမဆုံးသဘောတူညီချက်တစ်ရပ်ရရှိခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးချင်ကန်းတို့သည် တရုတ်-အမေရိကန် အဆင့်မြင့်အရာရှိများအဆင့် အပြန်အလှန်သွားရေး လည်ပတ်နိုင်ရေးကိုလည်း သဘောတူညီခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တရုတ်-အမေရိကန်ဆက်ဆံရေးဆိုင်ရာမူဝါဒများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးတိုင်ပင်သွားရန်နှင့် သီးသန့်ကိစ္စများဖြေရှင်းနိုင်ရေး သတ်မှတ်ထားသောပူးတွဲအလုပ်အဖွဲ့အစည်းအဝေးများ ဆက်လက်ကျင်းပသွားရန်လည်း ကတိကဝတ်ပြုခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန်၏ခရီးစဉ်မှ ထွက်ပေါ်လာသောရလဒ်သည် ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားရေးဆိုသော ကတိကဝတ်တစ်ခုပင်ဖြစ်သည်။ တရုတ်နှင့် အမေရိကန်တို့အနေဖြင့် ၎င်းတို့အကြား ဆွေးနွေးညှိနှိုင်းသွားနိုင်မည့် သီးခြားကိစ္စတစ်ရပ်ရပ် ရှာဖွေတွေ့ရှိခဲ့သလားဆိုသောအချက်မှာမူ ရှင်းရှင်းလင်းလင်းမသိရှိရပေ။ မည်သို့ပင်ဆိုစေ ဆွေးနွေးပွဲများသည် နှစ်နိုင်ငံအကြား တင်းမာမှုများလျှော့ချရာတွင် အထောက်အကူဖြစ်နိုင်သော်လည်း ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုအချက်ကိုမူ ပြောင်းလဲသွားဖွယ်ရာမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **US and China Hold Top-Level Talks, But Their Rivalry Remains Unchecked by The Diplomat.**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ၊ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၆-၂၀၂၃ ရက်နေ့မှ ၇-၇-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများအနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ယခုဘဏ္ဍာနှစ်မှစတင်၍ သီလဝါအထူးစီးပွားရေးဇုန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်သွားမည်




**ရန်ကုန် ဇွန် ၂၆**

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ သီလဝါအထူးစီးပွားရေးဇုန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy)ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Myanmar Thilawa SEZ Holdings Public Co., Ltd-MTSH ၏ သတင်းများအရ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး Solar Energy ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်ရန်အတွက် Myanmar Thilawa SEZ Holdings Public Co., Ltd-MTSH ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy)ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် Myanmar Thilawa SEZ Holdings Public Co., Ltd-MTSH က စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

Myanmar Thilawa SEZ Holdings Public Co., Ltd-MTSH သည် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် အစုရှယ်ယာအများဆုံးရောင်းချပေးနေရသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ယခင်က ကိုဗစ်ရောဂါဖြစ်စဉ်များကြောင့် သီလဝါအထူးစီးပွားရေးဇုန်တွင် မြေယာနှင့် စက်ရုံငှားရမ်းမှု ရောင်းချမှုများမရှိခဲ့ဘဲ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများဖြင့်သာ ဆောင်ရွက်နေခဲ့ကြောင်း သိရသည်။

ယခုအခါ ကိုဗစ်ရောဂါဖြစ်စဉ်များကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ် ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် သီလဝါအထူးစီးပွားဇုန်၏ မြေယာနှင့် စက်ရုံငှားရမ်း၊ ရောင်းချမှုများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်လာခဲ့ကြကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများ၏ မြေယာနှင့် စက်ရုံငှားရမ်း။ ရောင်းချခြင်းနှင့်ဆိုင်သည့် စုံစမ်းမေးမြန်းမှုများကို စတင်လက်ခံရရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရေးနှင့် ဈေးကွက်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်နေကြောင်း Myanmar Thilawa SEZ Holdings Public Co., Ltd-MTSH ၏သတင်းများအရ သိရသည်။ (၃၃၆)

## ပေါက်ခေါင်းမြို့နယ် ချောင်းကျိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကျိုးကျေးရွာနှင့် ငွေးပင်ခုံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဒုတိယအကြိမ် ချေးငွေထုတ်ချေးခြင်းကို ဇွန် ၂၆ ရက်က ချောင်းကျိုးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ဖြစ်မှုဖြစ်စဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ချောင်းကျိုးကျေးရွာနှင့် ငွေးပင်ခုံကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ချောင်းကျိုးကျေးရွာနှင့် ငွေးပင်ခုံကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မိုးနေကြာစိုက်ပျိုးသောတောင်သူ ၂၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၀၅ သန်း၊ မြေပဲ၊ နှမ်းစိုက်ပျိုးသောတောင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၂ ဒသမ ၃၉ သန်း၊ အခြားသီးနှံစိုက်ပျိုးသောတောင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅၆ သန်း စုစုပေါင်း တောင်သူ ၈၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**



## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်








## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အ. ထ. က(နဘဲကန်)၂၀၂၂-၂၀၂၃ပညာသင်နှစ် Grade-9 (အဋ္ဌမတန်း)(အောင်)မှ မောင်ပြည့်ဖြိုးကျော် (ကျောင်းဝင်အမှတ်-၉၇၄)၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မင်း(၉/ဝတန(နိုင်)၀၄၄၅၃၇) ဖြစ်ပါကြောင်း။

**ဦးကျော်မင်း(၉/ဝတန(နိုင်)၀၄၄၅၃၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အ. မ. က(ရွှေလွန်း)တွင် မူအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်နီနီဦး (၁/ဗမန(နိုင်)၀၇၈၂၀၁)၏ဖခင်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင်ပါရှိသော ဦးချစ်တင် နှင့် အမှုထမ်းစာအုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးဝင်းနိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးချစ်တင်(ခ)ဦးဝင်းနိုင်(၁/ဗမန(နိုင်)၀၂၆၂၂၆)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မတင်ဇာစိုး (ဘ) ဦးစိုး မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၃၇၈၉၈၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆×၁၁၃ လမ်းနေသူ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(MA-203467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၁၄၈၈၂၁၉

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့ ရပ်ကွက်ကြီး (၂)နေ ဦးကျော်လှ(ဘ)ဦးကျော (၁၃/လရန(နိုင်)၁၄၃၀၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-825856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၂၀၁၈၈၁၁၈

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ PEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးနိုင်လင်းအောင် (၉/အမဇ(နိုင်)၀၄၂၀၁၀)၏သမီး မသင်းရတီထွန်း အား မဇေကရီလင်း ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ **မဇေကရီလင်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ. မ. က(ရွှေလွန်း)တွင် မူအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်နီနီဦး (၁/ဗမန(နိုင်)၀၇၈၂၀၁)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ (၂၆-၁၂-၁၉၈၇)ဖြစ်ပါကြောင်း။ **၂၆-၁၂-၁၉၈၇**

## ပျောက်ဆုံးကြောင်း

မလှိုင်မြို့နေ ဒေါ်မျိုးဝင်း (ဘ) ဦးသန်းအောင် (၉/မလနနိုင်)၁၈၂၅၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(361636)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၇၈၂၆၈၂၅

## ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်နေ ဒေါ်ခွန်ယဉ်နိုင် (ဘ) ဦးသန်းရှင် (၁/ပတအ(နိုင်)၀၄၃၅၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-553231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၅၂၇၀၄၃၁

## ပျောက်ဆုံးကြောင်း

နမ့်ဆန်မြို့နယ်နေ မရွှေစိန် (ဘ) ဦးကျန်းငှမ်းပေါင် (၁၃/နဆန(နိုင်)၀၁၂၇၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-469771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၅၂၇၀၄၃၁

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်ဖြစ်...

❖ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/ KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCAလက်မှတ်ရေးထိုးထားသည့်PPSTအဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ငါးဖွဲ့(ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO) တို့၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ **စာမျက်နှာ ၁၈ ကော်လံ ၁☆**

## (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

စာမျက်နှာ - ၂၃

## ဧရာဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် မြစ်ကမ်းဘေးရှိ ကျေးရွာများ သတိပြုနေထိုင်ရန်လိုဟုဆို

စာမျက်နှာ - ၂

## မြန်မာ့မြေ မြန်မာ့အမွေ

ဆောင်းပါး စာမျက်နှာ - ၂၀

